
mgyoe.com

# အမှတ်ရဖွယ် ကမ္ဘာ့ကျော်လက်သီးပွဲကြီးများ

မောင်ရဲဝင်း

ကမ္ဘာ့လက်ဝှေ့လောကမှာ ယနေ့တိုင် ပြောစမှတ်ဖြစ်နေရသည့်
ဂျက်ဒွန်ဆင်၊ ရှုဂါးရေးရော်ဘင်ဆင်၊ ဂျိုးလူးဝီး၊ ရော့ကီမာဆီယာနို၊
ဖလွိုက်ပက်တာဆင်၊ ဆန်နီလစ္စတန်၊ ဂျိုးဖရေဇီယာ၊ ဂျော့ချ်ဖိုမန်၊ မိုဟာမက်အလီတို့၏
ပြင်းထန်ပြောင်မြောက် အကြမ်းတမ်းဆုံး လက်သီးပွဲကြီးများ။





ဒုတိယအကြိမ်

mgyoe.com

# အမှတ်ရဖွယ်
# ကမ္ဘာကျော်လက်သီးပွဲကြီးများ

မောင်ရဲဝင်း



ISBN9789997110664
BIO5
9 789997 110664
2,500.00KS

ကမ္ဘာကျော်လက်သီးပွဲကြီးများ၊ မောင်ရဲဝင်း
တမျက်နှာ ၁၉၅+ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာကျော်လက်သီးပွဲကြီးများ

## မောင်ရဲဝင်း

ဒုတိယအကြိမ် ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


– အမှတ်ရဖွယ် ကမ္ဘာကျော် လက်သီးပွဲကြီးများနှင့်ပတ်သက်၍ က
– အမှတ်ရဖွယ် ကမ္ဘာကျော် လက်သီးပွဲကြီးများ ဂ

၁။ ဂျက်ဠမ့်ဆင် ၁
၂။ ရှုးဂါးရေး ရော်ဘင်ဆင် ၁၁
၃။ ဂျိုးလူးဝိး ၃၈
၄။ ရော်ကီမာဆီယာနို ၆၈
၅။ ဖလွိုက်ပက်တာဆင် ၈၉
၆။ ဆန်နီလစ္စတန် ၁၁၃
၇။ ဂျိုးဖရေဇီယာ ၁၂၆
၈။ ဂျော့ချ်ဖိုမန် ၁၃၉
၉။ မိုဟာမက်အလီ ၁၅၃


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## အမှတ်ရဖွယ် ကမ္ဘာကျော်လက်သီးပွဲကြီးများနှင့်ပတ်သက်၍

လက်ဝှေ့ပွဲများကို ကမ္ဘာတစ်ဝန်းမှ စိတ်ဝင်စားကြသကဲ့သို့ မြန်မာနိုင်ငံမှလည်း အလွန်ပင် စိတ်ဝင်စားအားရုံပြုကြပါသည်။ အထူးသဖြင့် ဟဲဗီးဝိတ်လက်ဝှေ့ပွဲများကို မြန်မာပြည်သူတို့ ပို၍စိတ်ဝင်စားကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်က ရန်ကုန်မြို့လယ်မှ နိုင်ငံခြားရုပ်ရှင်များပြသသည့် ပလေဒီယံ (ယခု ပပဝင်း)၊ အိပ်ဆယ်စီယာ(ယခု ဝဇီရာ) ရုံများတွင် မာဆီယာနို၊ ဝါးလ်ကော့၊ အာချီမိုး၊ ချားလ်စ် စသည့် လက်ဝှေ့ကျော်များ ထိုးသတ်သည့် သတင်းရုပ်ရှင်များကို အထူးကြော်ငြာပြီး ပြသခဲ့ရာ လူကြိုက်များခဲ့ပေသည်။

ယနေ့ခေတ်တွင်မူ အလီ ဆွဲဆောင်လှုပ်ရှားမှုများကြောင့် မြန်မာပြည်မှ ပို၍ပင် စိတ်ဝင်စားလာကြပါသည်။ မူလက လက်ဝှေ့ချန်ပီယံများ ထိုးသတ်ခဲ့သော ပွဲကြီးပွဲကောင်းများကို ထည့်သွင်းဖော်ပြရန် စိစဉ်ခဲ့ပါသည်။ လက်တွေ့တွင် အကောင်းဆုံးလက်ဝှေ့သမားများ ထိုးသတ်ခဲ့သော ပွဲကြီးပွဲကောင်းများကိုသာ ဖော်ပြနိုင်ခဲ့ပါသည်။

ယခုစာအုပ်တွင် ဟဲဗီးဝိတ် ချန်ပီယံများ ထိုးသတ်ခဲ့သော ပွဲကြီးပွဲကောင်းများနှင့် သူတို့ဘဝ ဇာတ်လမ်းအကျဉ်းချုပ်ကို အများဆုံး ဖော်ပြထားပါသည်။ ဟဲဗီးဝိတ်ချန်ပီယံမဟုတ်သူမှာ ရေးရော်ဘင်ဆင်တစ်ဦးသာ ပါဝင်ပေသည်။ မူလက အာချီမိုး၊ ဒစ်တိုက်ဂါးနှင့် ဂျိုဟာန်တို့အကြောင်းကို ထည့်ထားသော်လည်း စာမျက်နှာ အခက်အခဲ ရှိ၍ ချန်လှပ်ထားခဲ့ရပါသည်။

သို့သော်လည်း အာချီမိုးနှင့် ဂျိုဟာန်ဆင်တို့ လက်ဝှေ့ပွဲ ထိုးသတ်ပုံများကို ဂျိုးလူးဝီး၊ ရော်ကီမာဆီယာနို၊ ပက်တာဆင်တို့အကြောင်း၌ အများဆုံး ပါဝင်ထားပေသည်။ ထို့ပြင် မိုဟာမက်အလီအကြောင်းကို စောစောပိုင်းက

mgyoe.com

mgyoe.com


ရေးသားထားသည့်စာမူများကို မသုံးတော့ဘဲ အသစ်ပြန်လည်ရေးသားရန် အကြောင်းပေါ်လာခဲ့ပါသည်။

၁၉၇၆ ခုနှစ် မေလကထုတ်ဝေခဲ့သော မိုဟာမက်အလီကိုယ်တိုင် ပြောပြ တည်းဖြတ်ရေးသားခဲ့သော (The Greatest- My Own Story) စာအုပ်ကြီးကို ကျွန်တော့်အစ်ကိုတစ်ဦး ဇူလိုင်လဆန်းက ဝယ်ယူလာခဲ့ရာ အလီ လက်ဝှေ့ပွဲများနှင့် သူ့အကြောင်းကို အသစ်ပြန်လည်ရေးသားခဲ့ရပါ တော့သည်။

ယခင်က အလီနှင့်ပတ်သက်၍ သိထားသော အချို့အချက်အလက်များ သည် ယခုစာအုပ်ပါအချက်အလက်များနှင့် လုံးဝကွဲပြားနေခြင်းကိုလည်း သိရပါတော့သည်။ စာရှုသူများ မြည်းစမ်းနိုင်ရန် စာအုပ်သစ်ကြီးမှ ထုတ် နုတ်ပြီး ရေးသားဖော်ပြထားပါသည်။ အလီနှင့်ပတ်သက်၍ ခရေစေ့တွင်းကျ သူ့ပင်ကို စာအုပ်အတိုင်း ရေးသားဖော်ပြရပါလျှင် ယခုစာအုပ်မျိုး နှစ်အုပ် ဖြစ်သွားပါမည်။

နောင်အခြေအနေပေးပါက လက်ဝှေ့ချန်ပီယံ ထိပ်သီးများဖြစ်ကြသည့် ဂျက်ဒမ် ဆီ၊ အာချီမိုး၊ ဒစ်တိုက်ဂါး၊ ဂရစ်ဖစ်သ်၊ ပုန်ကင်းပက်ချ်(ထိုင်း)... စသူတို့ ထိုးသတ်ခဲ့သည့် ပွဲကြီးပွဲကောင်းများကို ရေးသားပါဦးမည်။

ယခုစာအုပ်တွင် လက်ဝှေ့ပွဲကြီးများကို ဖော်ပြထားရာ၌ ပက်တာဆင်နှင့် လစ္စတန် ပွဲကြီးများ၊ အလီနှင့် ဖရေဇီယာ၊ ဖိုမန်နှင့် ဖရေဇီယာ၊ အလီနှင့် ဖိုမန်ပွဲကြီးများ ပါဝင်နေရာ မထပ်စေရန် သူတို့အားလုံးအကြောင်း၌ မဖော် ပြဘဲ တစ်ဦးစီခွဲပြီး ရေးသားထားပါ သည်။

ယခုစာအုပ်ရေးသားရာ၌ ပီတာဟဲလား ရေးသားသော (ကြိုးဝိုင်းထောင့် မှာ) စာအုပ်ကြီးကို အခြေခံထားပြီး ဂျုံးလူးဝီးအတ္ထုပ္ပတ္တိစာအုပ်၊ ရော်ကီ မာဆီယာနိုအတ္ထုပ္ပတ္တိ စာအုပ်များ၊ လက်ဝှေ့မဂ္ဂဇင်း (၁၉၅၃–၁၉၇၆) များကို အခြေခံထားကာ ရေးသားဖော်ပြထားပါသည်။

ကမ္ဘာကျော် လက်ဝှေ့ဘုရင်များ ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲကြီးများ အကြောင်းကို စာဖတ်သူများ ကျေနပ်နှစ်သက်သည်ဆိုလျှင်ပင် အားရ ကျေနပ်မိပါတော့သည်။

မောင်ရဲဝင်း

mgyoe.com

mgyoe.com

# အမှတ်ရဖွယ် ကမ္ဘာကျော်လက်သီးပွဲကြီးများ

"အမေရိကန်နိုင်ငံကို ပြန်လာနိုင်ခွင့်ရရေးအတွက် ကျုပ်ဟာ လူဖြူကြီး ဂျက်စ်ဝီးလားဒ်ကို အရှုံးပေးလိုက်တာပါ။ အဲဒီတုန်းက ကျုပ် အလဲထိုးခံရတာ မဟုတ်ပါဘူး။ ကျုပ် လဲ့အိပ်နေတုန်းမှာ မျက်နှာကို နေရောင်ထိုးလို့ လက်နဲ့ကာထားရပါသေးတယ်ဗျာ။ လူဖြူတွေက ကျုပ်ကို အတော်မုန်းတီးတဲ့အချိန်ပေါ့ဗျာ" ဟု တစ်ချိန်က ဟဲဗီးဝိတ်ချန်ပီယံဖြစ်ခဲ့သူ ကပ္ပလီကြီး ဂျက်ဂျွန်ဆင်က သူ့ပွဲနှင့်ပတ်သက်၍ ထုတ်ဖော်ပြောကြားခဲ့ရာ လက်ဝှေ့ကမ္ဘာ၌ လှုပ်လှုပ်ရွရွဖြစ်သွားခဲ့သည်။


ဂျက်ဂျွန်ဆင်သည် ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့လောကတွင် ထင်ပေါ်ကျော်ကြားခဲ့သူ ချန်ပီယံတစ်ဦးလည်းဖြစ်သည်။ လူဖြူလက်ဝှေ့သမားများကို တစ်ဖက်သတ် ထိုးသတ်အနိုင်ယူပြီး ပွဲကြည့်ပရိသတ်များဘက်သို့ လှည့်ကြည့်ကာ သူ့ရွှေသွားများ ပေါ်အောင် ပြုံးရယ်ပြတတ်၍လည်း လူဖြူပရိသတ်များက သူ့ကို မုန်းတီးခဲ့ကြသည်။

"ဒီထောင်ထွက်လူဆိုး မြေအောက်ကမ္ဘာက ရာဇဝတ်သားတွေနဲ့ ကျုပ် ချန်ပီယံ ဖလားကို ပတ်ပတ်သက်သက်မလုပ်နိုင်ဘူး။ စိန်ခေါ်သူ အဆင့်(၁) ဒီဘက်ကို ရောက် လာပါစေ၊ မထိုးနိုင်ပါဘူးဗျာ။ ကျုပ်တို့က လက်ဝှေ့သမား စစ်စစ်နဲ့ပဲ ထိုးမယ်ဗျို့" ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံသရဖူကို ဖလားပက်တာဆင် ရယူထားစဉ်က သူ့ဆရာ မန်နေဂျာ ကတ်ဝီဒီအမာတိုက လူသိရှင်ကြား ထုတ်ဖော်ပြောဆိုကြေညာခဲ့သည်။

ပက်တာဆင်ထံမှ ချန်ပီယံသရဖူကို ရယူရန် ထိပ်သီးစိန်ခေါ်သူအားလုံးကို အလဲပွဲများ၊ အမှတ်ပွဲများနှင့် အောင်နိုင်ခဲ့သူ ဆန်နီလစ္စတန်အမည်ခံ လူ့ဘီလူးကြီးသည် နံပါတ်(၁)နေရာသို့ ရောက်လာပြီး သရဖူပွဲတောင်းခံနေ၍

mgyoe.com

mgyoe.com

လူဖြူကြီး ဂျက်စ်ဝီးလားဒ်အား ဂျက်ဂျွန်ဆင် ရှုံးနိမ့်သွားစဉ်

ချန်ပီယံ ပက်တာဆင်ဆရာက မထိုးသတ်နိုင်ကြောင်း ကြေညာခဲ့သည်။

လူ့ဘီလူးကြီး(ဝါ) ဝက်ဝံကြီးအမည်တွင်ခဲ့သော ချားလ်စ်ဆန်နီလစ္စတန်သည် ထောင်ထွက်လူဆိုးကြီးတစ်ဦးဖြစ်ပြီး သူ့အသိုင်းအဝိုင်းက အထူးသဖြင့်... သူ့ကို ကြိုးကိုင်နေသူများမှာ မြေအောက်ကမ္ဘာမှ လူဆိုးဘုရင်များဖြစ်နေခဲ့သည်။ ယင်းအချက်ကို အကြောင်းပြကာ ပက်တာဆင်အုပ်စုသည် နှစ်အတန်ကြာ ဆန်နီလစ္စတန်ကို ရှောင်နေခဲ့သည်။

* * *

## လက်သီးဘုရင်များ

ကမ္ဘာ့အားကစားလောကတွင် ဘောလုံးပွဲပြီးလျှင် လူကြိုက်အများဆုံးအားကစားပွဲမှာ လက်ဝှေ့ပွဲပင်ဖြစ်သည်။ လက်သီးထိုးကြိတ်ကြသည့် လက်ဝှေ့ပွဲများသည် ပရိသတ်စိတ်အာရုံကို ဆွဲကိုင်နိုင်စွမ်းရှိပေသည်။ အထူးသဖြင့်... ကြေးစားလက်ဝှေ့ပွဲများကို ကမ္ဘာတစ်ဝန်းမှ ပရိသတ်က အထူးစိတ်ဝင်စား နှစ်သက်ကြသည်။ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ပွဲများဆိုလျှင် ဝင်ငွေဒေါ်လာသန်းပေါင်းများစွာရပြီး လက်ဝှေ့သမားများဆိုလျှင်လည်း သန်းကြွယ်သူဌေးများ ဖြစ်လာခဲ့သည်။

mgyoe.com

mgyoe.com



ကြေးစားလက်ဝှေ့ပွဲများသည် အမေရိကန်တွင် ထင်ပေါ်ကျော်ကြား လူကြိုက်များပြီး ဥရောပတစ်ခွင်၌ပါ နာမည်ကြီးကျော်ကြားအောင်မြင်လာခဲ့သည်။ ထို့အတူ တောင်အမေရိက၊ အမေရိကအလယ်ပိုင်း၊ အာရှနှင့် အာဖရိကတို့တွင်ပါ ကျယ်ပြန့်စွာ လူကြိုက်များနေပြီဖြစ်သည်။ အမှန်စင်စစ် ကြေးစားလက်ဝှေ့ပွဲများနှင့် အမေရိကန်နိုင်ငံသည် ခွဲခြားမရအောင် တွဲဖက်နေပေသည်။ အမေရိကန်မှ ပေါ်ထွက်လာသော ကြေးစားလက်ဝှေ့သမားများသည် ကမ္ဘာ့လက်ဝှေ့လောက၌ ကျော်ကြားအောင်မြင်ကြပြီး ကမ္ဘာ့ချန်ပီယံသရဖူများကိုပါ ရယူခဲ့ကြသည်။

အမေရိကန်ကြေးစားလက်ဝှေ့လောက အောင်မြင်ကျော်ကြားအောင် အဓိကဖန်တီးနိုင်ကြသူများမှာ ငွေကြေးချမ်းသာသော ပြိုင်ပွဲ ပွဲသွင်းသူများ၊ ပရိသတ်များကြောင့်မဟုတ်ဘဲ လူမည်းကပ္ပလီများ လက်ဝှေ့စွမ်းရည် ထက်မြက်မှုများကြောင့်သာဖြစ်သည်။ အမေရိကန် လက်ဝှေ့သမားများအနက် အသားဖြူလက်ဝှေ့ကျော်များသည် ကပ္ပလီအသားမည်း လက်ဝှေ့သမားများကဲ့သို့ အောင်မြင်ကျော်ကြားခြင်းမရကြချေ။ လူမည်းကပ္ပလီများ လက်ဝှေ့လောက၌ အောင်မြင်ကျော်ကြားလာခြင်းမှာ အမေရိကန် လူနေမှုစနစ်အရ လူမည်းများသည် အစဉ်အမြဲ အနှိမ်ခံနေရသောကြောင့် ဖြစ်ပေသည်။ လူမည်းများသည် လူဖြူများအပေါ် အောင်နိုင်မှုလမ်းစ ရှာမတွေ့ဘဲဖြစ်နေရာ တစ်ခုတည်းသော အောင်မြင်မှုထွက်ပေါက်အဖြစ် လက်ဝှေ့ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့သရဖူကို ရယူခဲ့သူများအနက် လူဖြူချန်ပီယံများမှာ ဖွတ်အတင်းအဝမ္ဘ မြှောက်ပင့်ရေးသားခဲ့ကြ၍သာ နာမည်ကြီး ထင်ပေါ်ခဲ့ခြင်းဖြစ်ပေသည်။ အမှန်စင်စစ် လူဖြူဟဲဗီးဝိတ်လက်ဝှေ့သမားများ အရည်အသွေးနှင့် လက်ဝှေ့အဆင့်အတန်းတို့မှာ လူမည်းကပ္ပလီများကို လုံးဝမမီပါချေ။ ဟဲဗီးဝိတ်ချန်ပီယံဖြစ်ခဲ့ကြသော လူဖြူများအနက် ဂျပ်ဒမ်ဆီ၊ ဂျင်းတန်နေနှင့် ရော်ကီမာဆီယာနိုတို့ နာမည်ကြီး ထင်ပေါ်ခဲ့ကြသည်။ သူတို့လူစု နာမည်ကြီး လူကြိုက်များရခြင်းမှာ လူမည်းများကြီးစိုးမှုကို တွန်းလှန်ရေးအတွက် လက်နက်သဖွယ် အသုံးချလိုခြင်း၊ ယင်းအသုံးချမှုအတွက် ဖန်တီးရေးသားပေးကြခြင်းတို့ကြောင့်သာဖြစ်သည်။

mgyoe.com

mgyoe.com

ရော်ကီမာဆီယာနိုဆိုလျှင် ရှုံးပွဲမရှိဘဲ အနားယူသွားသည့် ဟဲဗီးဝိတ် ချန်ပီယံအဖြစ် မြှောက်စားချီးမြှင့်ခြင်းခံခဲ့ရသည်။ တစ်စုံတစ်ရာ တင်စားဖော်ပြရာ၌လည်း မာဆီယာနိုကိုသာ တင်စားရေးသားတတ်ကြသည်။ အကယ်၍ ရော်ကီသာ လူဖြူမဟုတ်ဘဲ လူမည်းတစ်ဦးဖြစ်ခဲ့ပါလျှင် သာမန် ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံတစ်ဦးအဖြစ် ဇာတ်သိမ်းသွားပေလိမ့်မည်။ ဟဲဗီးဝိတ်လက်ဝှေ့လောကကို ကောင်းစွာလေ့လာပါက လူမည်း ကပ္ပလီသုံးဦးသာ ယနေ့အထိ လက်ဝှေ့စွမ်းရည် အထက်ဆုံးနှင့် အောင်မြင်မှုအရှိဆုံးဖြစ်သည်ကို တွေ့မြင်ရပေလိမ့်မည်။

ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံများအနက် လက်ဝှေ့ပညာ၊ စွမ်းရည် အထက်ဆုံး လက်ဝှေ့သမားများမှာ ကပ္ပလီကြီး ဂျက်ဂျွန်ဆင်(၁၉၀၈–၁၉၁၅)၊ ဂျိုးလူးဝီး(၁၉၃၇–၁၉၄၉)နှင့် မိုဟာမက်အလီ(ကလေး (၁၉၆၄–၁၉၇၀၊ ၁၉၇၄ မှ ယနေ့အထိ) တို့သာ ဖြစ်ကြသည်။ သူတို့သုံးဦးသည်သာ လက်ဝှေ့ပညာ၊ စွမ်းရည်ထက်ကြသည့် ပြိုင်ဘက်အများဆုံးနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ဂျိုးလူးဝီးသည် အရှုံးပွဲမရှိဘဲ အနားယူသွားပြီးမှ ငွေကြေးကျပ်တည်း၍ ကြိုးဝိုင်းတွင်းသို့ တစ်ပတ်ပြန်ကျော့ဝင်လာစဉ် ရော်ကီမာဆီယာနိုကို ရှုံးခဲ့ရခြင်းဖြစ်သည်။ ဂျိုးလူးဝီး ချန်ပီယံဖြစ်စဉ်က ရော်ကီသည် လက်ဝှေ့ပင် မထိုးသတ်သေးရကား အသက်ကွာခြားမှုသည်လည်း အဓိကအကြောင်းတစ်ရပ် ဖြစ်ခဲ့သည်။ ထို့အတူ ရော်ကီအနိုင်ရခဲ့သော ဂျိုးဝါးလ်ကော့မှာလည်း ဂျိုးလူးဝီးခေတ် (ဒုတိယကမ္ဘာစစ်မတိုင်မီ)ကပင် လက်ဝှေ့ထိုးသတ်နေခဲ့သူဖြစ်ပြီး ရော်ကီထက် အသက် ၁၅ နှစ်နီးပါး ကြီးသူဖြစ်သည်။

ဟဲဗီးဝိတ်လက်ဝှေ့ထက် ကိုယ်အလေးချိန် တစ်ဆင့်နိမ့်ပြီး ပရိသတ်စိတ်ဝင်စားမှုရှိသော လက်ဝှေ့အတန်းမှာ လိုက်ဟဲဗီးဝိတ်တန်းပင်ဖြစ်သည်။ လိုက်ဟဲဗီးဝိတ်တန်းမှ ထင်ရှားကျော်ကြားသည့် ချန်ပီယံများမှာ ကပ္ပလီကြီး အာချီမိုးနှင့် မကြာသေးမီကမှ အနားယူသွားသူ ကပ္ပလီ ဘော့ဘ်ဖော်စတာတို့ ဖြစ်ကြသည်။

လိုက်ဟဲဗီးဝိတ်ချန်ပီယံတစ်ဦးဖြစ်ခဲ့သူ ဘီလီကွန်း (၁၉၃၉–၄၁) နာမည်ကြီးသည်ဆိုရာ၌ ဂျိုးလူးဝီးအရှိန်ကြောင့်သာဖြစ်ပေသည်။ ဘီလီကွန်း

mgyoe.com

mgyoe.com

သည် ဟဲဗီးဝိတ်တန်းသို့တက်ကာ ချန်ပီယံ ဂျူးလူးဝီးကို စိန်ခေါ်ထိုးသတ်ခဲ့သောပွဲကြောင့် နာမည်ကြီးခဲ့ခြင်းသာ ဖြစ်သည်။ အာချီမိုးကား သက်တမ်းအရှည်ဆုံး ဟဲဗီးဝိတ်ချန်ပီယံတစ်ဦးဖြစ်ကာ ဟဲဗီးဝိတ်သရဖူကို မကြာခဏ တက်ရောက်ယှဉ်လုခဲ့သူလည်းဖြစ်သည်။

ကမ္ဘာ့လိုက်ဟဲဗီးဝိတ်ချန်ပီယံသရဖူကို အတန်းတစ်တန်းကျော်တက်ပြီး ရယူခဲ့ သူ ကပ္ပလီတစ်ဦးမှာ နိုင်ဂျီးရီးယားပြည်သား ဒစ်တိုက်ဂါးဖြစ်သည်။ ဒစ်တိုက်ဂါးသည် မစ်ဒယ်လ်ဝိတ်တန်းချန်ပီယံဖြစ်ပြီး သူ့အတန်းထက် တစ်ဆင့်မြင့်သော ဝဲလ်တာဝိတ်တန်းကိုကျော်ကာ လိုက်ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာခဲ့သူဖြစ်သည်။ ဝဲလ်တာဝိတ်တန်းနှင့် မစ်ဒယ်လ်ဝိတ်တန်းတို့တွင် နာမည်ကြီးခဲ့သူချန်ပီယံများမှာ ကပ္ပလီများသာဖြစ်သည်။ ဟဲဗီးဝိတ်တန်း ချန်ပီယံများကဲ့သို့ နာမည်ကြီးခဲ့သူ ဝဲလ်တာဝိတ်နှင့် မစ်ဒယ်လ်ဝိတ်ချန်ပီယံ တစ်ဦးမှာ ကပ္ပလီကြီး ရှူးဂါးရေးရော်ဘင်ဆင်ပင် ဖြစ်သည်။

ဝဲလ်တာဝိတ်တန်းမှ နာမည်ကြီး ကမ္ဘာ့ချန်ပီယံများမှာ ကပ္ပလီ ဟင်နရီ အမ်း စထရောင်း (၁၉၃၈–၄၀)၊ ကာမင်ဘာစီလီယို(၁၉၅၅–၅၇)၊ ကျူးဘားမှ ကပ္ပလီ ဘင်နီ (ကစ်)ပရက်(၁၉၆၀–၆၁–၆၂)၊ ကပ္ပလီ အီမီးလ်ဂရစ်ဖိသ် (၁၉၆၁–၆၂–၆၃–၆၆) တို့ဖြစ်ကြသည်။ ဘာစီလီယိုနှင့် ဂရစ်ဖိသ်တို့သည် မစ်ဒယ်လ်ဝိတ်တန်း ချန်ပီယံများလည်း ဖြစ်ခဲ့ကြသည်။

မစ်ဒယ်လ်ဝိတ်တန်းတွင် ရှူးဂါးရေးရော်ဘင်ဆင်သည် အောင်မြင်မှုအရှိဆုံး၊ အကျော်ကြားဆုံးဖြစ်ပြီး လူဖြူချန်ပီယံများအနက် ဂျိန်းဖူးလ်မားနှင့် ပေါလ်ပင်ဒါတို့သာ အောင်မြင်ခဲ့ကြသည်။ လူဖြူချန်ပီယံ တိုနီဇေးလ်နှင့် ရော်ကီဂရာဇီယာနိုတို့လည်း အောင်မြင်မှုအတော်အသင့် ရှိခဲ့ကြသည်။ လိုက်ဝိတ်တန်းတွင် ကပ္ပလီ ဂျိုဘရောင်းနှင့် အစ္စမေးလ် လဂူနာတို့သာ အောင်မြင်ကျော်ကြားခဲ့ကြသည်။

ဖဲသားဝိတ်တန်းတွင် ဝဲလ်တာဝိတ်နှင့် လိုက်ဝိတ်ချန်ပီယံဖြစ်ခဲ့သူ ကပ္ပလီ ဟင်နရီ အမ်းစထရောင်း၊ ကစ်ဘတ်စ်ဆယ်၊ ဒေဗီမိုးတို့သာ အောင်မြင်ကျော်ကြားခဲ့ကြသည်။ လူဖြူများမှာမူ သူတို့ကဲ့သို့ စွမ်းရည်မထက်ခဲ့ကြချေ။

ဘင်တန်ဝိတ်တန်းတွင် ဘရာဇီးပြည်သား အယ်ဒါဂျိုဖာ(၁၉၆၁–၆၅)

mgyoe.com

mgyoe.com

နှင့် အမေရိကန်ကပ္ပလီ မန်နူဝဲလ်အောတစ်(၁၉၄၂–၄၇–၅၀) တို့နှစ်ဦးသာ အကျော်ကြားဆုံး အောင်မြင်မှုအရှိဆုံးဖြစ်သည်။ ဖလိုင်းဝိတ်တန်းတွင် အာဂျင်တီးနားပြည်သား ပတ်စ်ကျူဝဲလ် ပရက်စ် (၁၉၅၄–၆၀)၊ ထိုင်းနိုင်ငံမှ ပုန်ကင်းပက်ချ် (၁၉၆၀–၆၂–၆၃–၆၄–၆၅) နှင့် ချတ်ချိုင်းချိုင်နိုင်း(၁၉၆၆–၆၉ )တို့သာ နာမည်ကြီး အောင်မြင်ခဲ့ကြသည်။

မောင်ရဲဝင်း

mgyoe.com

mgyoe.com

# ဂျက်ဂျွန်ဆင်


ကမ္ဘာကျော် လက်သီးပွဲကြီးများကို ကမ္ဘာတစ်ဝန်းမှ ပြည်သူတို့သည် အလွန်ပင် စိတ်ဝင်စားကြသည်။ ဟဲဗီးဝိတ်တန်းမှ ဖလိုင်းဝိတ်တန်းအထိ ပွဲကြီးပွဲကောင်းများသည် ကမ္ဘာ့ပရိသတ် စိတ်အာရုံကို ကောင်းစွာ ဆွဲကိုင်လှုပ်နိုင်စွမ်း ရှိခဲ့ပေသည်။

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံများအနက် ဂျက်ဂျွန်ဆင်အမည်တွင်ခဲ့သော ကပ္ပလီကြီးတစ်ဦး၏ လက်သီးပွဲများသည် ကမ္ဘာ့ပရိသတ်ကို အထူးပင် ဆွဲဆောင်နိုင်စွမ်း ရှိခဲ့သည်။ ဂျက်ဂျွန်ဆင်သည် ဆင်းရဲသား ကပ္ပလီတစ်ဦးဖြစ်သည့်အတိုင်း လွတ်မြောက်ရေးလမ်းကြောင်းအဖြစ် လက်ဝှေ့ထိုးသတ်ခြင်းကို ရွေးချယ်ခဲ့သည်။ ဂျက်ဂျွန်ဆင်သည် လူမည်းဟဲဗီးဝိတ် လက်ဝှေ့သမားအဖြစ် လူဖြူများကို ကောင်းစွာနှိပ်စက်ပြီး အချိန်ဆွဲ ထိုးသတ်ခဲ့၍လည်း လူဖြူများ မုန်းတီးဖယ်ရှားခြင်းခံခဲ့ရသည်။

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့သမိုင်းအစတွင် လူဖြူများသာ ကြီးစိုးလွှမ်းမိုးနေခဲ့ကြသည်။ လူဖြူများသာ ကြီးစိုးရခြင်းမှာ လူမည်းကပ္ပလီများကို လူဖြူများနှင့် ယှဉ်ပြိုင်ထိုးသတ်ခွင့် မပေးခဲ့သောကြောင့်ပင်ဖြစ်သည်။ လူဖြူလက်ဝှေ့သမားများကိုယ်တိုင်လည်း လူမည်းလက်ဝှေ့သမားများနှင့် မထိုးသတ်ဘဲ လူဖြူချင်းသာ ထိုးသတ်ခဲ့ကြသည်။ လူမည်းကပ္ပလီများသည် လက်ဝှေ့ထိုးသတ်နေကြသော်လည်း ဟဲဗီးဝိတ်ချန်ပီယံသရဖူကိုမူ ရယူနိုင်ခွင့်မရှိခဲ့ချေ။ ၁၉၀၆ ခုနှစ်တွင် လူဖြူ တော်မီဘန်းစ် ကမ္ဘာ့ဟဲဗီးဝိတ်သရဖူကို ရယူခဲ့ရာ ကပ္ပလီ ဂျက်ဂျွန်ဆင်သည် စိန်ခေါ်ရင်း လက်သီးပွဲများ နွှဲနေခဲ့သည်။ ဂျက်ဂျွန်ဆင်

mgyoe.com

 mgyoe.com 



ဂျက်ဂျွန်ဆင်

mgyoe.com

mgyee.com


စိန်ခေါ်သမျှကို လူဖြူများက လက်မခံဘဲ ရှောင်နေခဲ့ကြသည်။

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ဂျိမ်းစ်ဂျေဂျက်ဖရီးစ်သည် အနားယူစွန့်လွှတ်သွားသဖြင့် သရဖူလစ်လပ်သွားရာ တော်မီဘန်းစ်၊ မာဗင်ဟတ်နှင့် ဂျက်ရုတို့ အပြိုင်ကြဲခဲ့ရသည်။ ပထမဦးစွာ မာဗင်ဟတ်နှင့် ဂျက်ရုတို့ ယှဉ်ပြိုင်ရန် စီစဉ်ခဲ့သည်။ ဟတ်သည် ကပ္ပလီ ဂျက်ဂျွန်ဆင်ကို အမှတ်ဖြင့် အနိုင်ရခဲ့ဖူးသူဖြစ်ပြီး ထိပ်သီး ဟဲဗီးဝိတ်သမားလည်း ဖြစ်သည်။ ဂျက်ရုသည် လိုက်ဟဲဗီးဝိတ်ချန်ပီယံဟောင်းဖြစ်ပြီး ဟတ်ကို ၆၈ ချီ၌ အလဲထိုး အနိုင်ရခဲ့ဖူးကာ အခြားဟဲဗီးဝိတ် လက်ဝှေ့သမားများကိုလည်း အနိုင်ရခဲ့ဖူးသည်။ သို့ဖြစ်ရာ ၁၉၀၅ ခုနှစ်၊ ဇူလိုင် ၃ ရက်နေ့တွင် ကမ္ဘာ့ဟဲဗီးဝိတ်သရဖူလုပွဲအဖြစ် ဟတ်နှင့် ဂျက်ရုတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ အနိုင်ရသူကို ကမ္ဘာ့ချန်ပီယံအဖြစ် အသိအမှတ်ပြုမည်ဟုလည်း ပွဲသွင်းသူများက ကြေညာခဲ့သည်။

ဟတ်နှင့် ဂျက်ရုပွဲကို ချန်ပီယံဟောင်း ဂျက်ဖရီးစ်ကိုယ်တိုင် ကြိုးဝိုင်းဒိုင်လူကြီးအဖြစ် လုပ်ကိုင်ပေးခဲ့သည်။ ၁၂ ချီတွင် ဒိုင်လူကြီးက ဟတ် လက်ရေသာလွန်းနေ၍ ပွဲရပ်ကာ အနိုင်ပေးလိုက်သည်။ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံအဖြစ် ဟတ်ကို ရွေးချယ် သတ်မှတ်ခဲ့ကြသော်လည်း မည်သူကမျှ လက်ခံအသိအမှတ်ပြုခြင်း မရှိခဲ့ချေ။ ကမ္ဘာက အသိအမှတ်မပြု၍လည်း ဟတ် ချန်ပီယံအစစ်မဖြစ်ဘဲ ရှိနေခဲ့သည်။

၁၉၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် ဟတ်ကို တော်မီဘန်းစ်က စိန်ခေါ်ကာ လော့စ်အိန်ဂျလိစ်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ တော်မီသည် တစ်ဖက်သတ်ထိုးကာ အေးဆေးစွာ ထိုးသတ်ပြခဲ့သည်။ ဟတ် နှာခေါင်းမှသွေးများ ယိုစီးကျလာပြီး မျက်နှာတစ်ခုလုံး မြင်မကောင်းအောင် ဖြစ်နေခဲ့သည်။ ပွဲအခြေအနေမလှ၍ အချီ ၂၀ တွင် ဒိုင်က ပွဲရပ်ကာ တော်မီကို အနိုင်ပေးလိုက်သဖြင့် ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ဖြစ်လာခဲ့သည်။

ချန်ပီယံ တော်မီဘန်းစ်ကို ကပ္ပလီ ဂျက်ဂျွန်ဆင်သည် စိန်ခေါ်ကာ ပွဲတောင်းနေသည်။ ဂျက်ဂျွန်ဆင်သည် ပြိုင်ဘက် လက်ဝှေ့သမားများကို မယှဉ်သာအောင် ထိုးသတ်ကာ အနိုင်ယူနေ၍လည်း တော်မီတို့အုပ်စုက ဂျက်ဂျွန်ဆင်ကို ရှောင်နေခဲ့သည်။ လူဖြူဟဲဗီးဝိတ် လက်ဝှေ့သမားများသည် ကပ္ပလီများနှင့် သာမန်ပွဲများအဖြစ် ထိုးသတ်သော်ငြားလည်း ချန်ပီယံသရဖူလုပွဲကိုမူ ထိုးသတ်ကြခြင်းမရှိချေ။

ဂျက်ဂျွန်ဆင်၏စိန်ခေါ်သံသည် အမေရိကန်၌ည်နေရာ သမာသမတ်ကျသော စာနယ်ဇင်းများ၊ ပုဂ္ဂိုလ်များက တော်မီတို့အုပ်စုကို ပြစ်တင်ဝေဖန်ခဲ့ကြသည်။ သို့သော်

mgyee.com

လူဖြူ အများစုကမူ ကပ္ပလီနှင့် မထိုးသတ်ရ။ အမေရိကန်၌ ထိုးသတ်ခွင့်လည်း မပြုနိုင်ဟု ပိတ်ပင်ထားကြသည်။ ကာယကံရှင် တော်မီဘန်းစ်သည် ဂျက်ဂျွန်ဆင်နှင့် ယှဉ်ပြိုင်ထိုး သတ်လိုသည်။ သူ့ဂုဏ်သိက္ခာအတွက် ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြစ်၍လည်း ဟဲဗီးဝိတ်သရဖူလုပွဲကို အမေရိကန်နိုင်ငံတွင် မပြုလုပ်နိုင်ဘဲ ဩစတြေးလျ၌သာ ပြုလုပ်ခဲ့သည်။ ၁၉၀၈ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ဟဲဗီးဝိတ်ချန်ပီယံ တော်မီဘန်းစ်နှင့် စိန်ခေါ်သူ ကပ္ပလီ ဂျက်ဂျွန်ဆင်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဟု ကြေညာခဲ့သည်။

ဂျက်ဂျွန်ဆင်သည် ကိုယ်လုံးကိုယ်ထည် တောင့်တင်းသန်မာသူဖြစ်သည်။ လက်သီးပြင်းပြီး ပြိုင်ဘက် လက်ဖှေ့ကျော်များကို ကြိုးဝိုင်းပေါ်သို့ လဲကျအောင် ပို့နိုင်သူဖြစ်သည်။ အမေရိကန်နှင့် လက်ဝှေ့ထိုးသတ်ရာ၌ လူဖြူများကို နှိပ်စက်ထိုးသတ်သူအဖြစ် လူဖြူများက မလိုမုန်းထားကြသည်။ ဂျွန်ဆင်သည် လူဖြူများကို တစ်ချက် မိမိရရ ထိုးသတ်တိုင်း ပရိသတ်ဘက်သို့လှည့်ကာ သူ့ရွှေသွားများပေါ်အောင် ပြုံးရယ်ပြ၍လည်း လူဖြူပရိသတ်များက မနှစ်သက်ကြခြင်းဖြစ်သည်။

ထို့ထက်ပို၍ လူဖြူများ မုန်းတီးရန် ဖြစ်ပေါ်ခဲ့ရသည်မှာ လူဖြူအမျိုးသမီးတစ်ဦးကို ဂျက်ဂျွန်ဆင် လက်ထပ်ယူလိုက်သောကြောင့်ဖြစ်သည်။ ဂျွန်ဆင်သည် လူဖြူမကို ယူပြီး ပရိသတ်ရှေ့ဝယ် ဝင့်ကြွားစွာ လက်တွဲလမ်းလျှောက်ပြသောကြောင့်လည်း အသားဖြူအုပ်စုသည် ဂျွန်ဆင်ကို သတ်ပစ်ချင်ကြသည်။

ယခု ဟဲဗီးဝိတ်သရဖူလုပွဲကို တော်မီက လက်ခံပြုလုပ်သောကြောင့် အသားဖြူများသည် တော်မီအား အမျိုးမျိုး ဝေဖန်ပြစ်တင်ခဲ့ကြသည်။ ဂျွန်ဆင်က ကိုယ်အလေးချိန် ၁၉၅ ပေါင်ရှိပြီး တော်မီသည် ၁၆၈ ပေါင်သာရှိခဲ့သည်။ အရပ်အမောင်းမှာလည်း ဂျွန်ဆင်ပိုမြင့်သည်။ ယခုပွဲမှ ချန်ပီယံ တော်မီကို ဒေါ်လာ ၁၀,၀၀၀ ပေးပြီး ဂျက်ဂျွန်ဆင်ကို ဒေါ်လာ ၅,၀၀၀ သာ ပေးခဲ့သည်။

ထူးခြားချက်တစ်ရပ်မှာ နာမည်ကျော် စာရေးဆရာ ဂျက်လန်ဒန်သည် အမေရိကန်နိုင်ငံအတွက် ယခုပွဲထိုးသတ်ပုံသတင်းကို ရေးပေးခဲ့ခြင်းဖြစ်သည်။ မှတ်တမ်းများတွင် ယခုပွဲနှင့်ပတ်သက်၍ ရေးသားဖော်ပြရာ၌ စာရေးဆရာကြီး ဂျက်လန်ဒန် ရေးသားချက်များကိုသာ ယနေ့တိုင် ဖော်ပြနေကြခြင်းဖြစ်သည်။

ဂျက်လန်ဒန်က ပွဲမှာ တစ်ဖက်သတ်ပွဲဖြစ်သည်။ သွေးများဖြင့် နစ်မွန်းနေခဲ့သည်ဟု ရေးသားချက်များ မမှန်ကန်ပါဟု ၁၉၅၀ ခုနှစ်တွင် ခရစ်ယာန်ဘုန်းကြီးအဖြစ် ဆောင်

mgyoe.com

ရွက်နေသူ ကာယကံရှင် တော်မီဘန်းစ်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု ဘီလီမဟိုနီက ရေးသားခဲ့သည်။ သို့တစေလည်း ကမ္ဘာတစ်ဝန်းက မှတ်တမ်းတင် လက်ခံထားသည်မှာ ကြောင်က ကြွက်ကလေးကို ကစားသည့်နှယ် ဂျွန်ဆင်သည် တော်မီကို စိတ်ကြိုက် အချိန်ဆွဲကာ ထိုးသတ်သွားသည်ဆိုခြင်းပင်ဖြစ်သည်။ လက်ဝှေ့ပွဲကို နံနက် ၁၁ နာရီ (ဩစတြေးလျအချိန်) တွင် စတင်ပြုလုပ်ခဲ့သည်။

ပွဲစသည်နှင့် ဂျွန်ဆင်သည် အေးဆေးစွာဖြင့် ဘယ်လက်သီးတစ်လုံး စတင်သွင်းလိုက်သည်။ တော်မီမှာမူ နောက်သို့သာ ဆုတ်ပြေးနေသည်။ ဂျွန်ဆင်သည် ခပ်ပြုံးပြုံး ဟန်မူရာဖြင့် အလှပြထိုးသတ်နည်းမျိုးသုံးကာ ထိုးနေသည်။ သို့သော် တစ်ချီတစ်ချီတွင် ဂျွန်ဆင့်လက်သီးများထိ၍ တော်မီ အခြေပျက်သွားခဲ့သည်။ ဂျွန်ဆင်သည် မထိတထိ ကလိနေသည်။

"တော်မီ... ဒီနေရာကိုထိုးဟေ့" ဟုလှမ်းပြောကာ သူ့ဝမ်းဗိုက်ကို ဖွင့်ပေးထားသည်။ တော်မီကလည်း ညာလက်သီးဖြင့် အကာအကွယ်မရှိသော ဂျွန်ဆင့်ဗိုက်ကို လှမ်းထိုးလိုက်သည်။ ဂျွန်ဆင်သည် တစ်စုံတစ်ရာမကာကွယ်ဘဲ အထိုးခံပြလိုက်သည်။ တော်မီ့လက်သီးများကို ဂျွန်ဆင်မဖြုံကြောင်း ပြနေသည်။ ချန်ပီယံ တော်မီဘန်းစ်သည် သူ့အခြေအနေ မဟန်၍ မျက်နှာအကြီးအကျယ်ပျက်နေကာ တုန်လှုပ်နေရှာသည်။ ဂျွန်ဆင်သည် ဖိထိုးလိုက်၊ ကစားလိုက်ဖြင့် ထိုးပြနေသည်။

တော်မီထိုးနိုင်ရန် ဖွင့်ပေးထားသူ ဂျွန်ဆင်သည် လက်သီးတစ်ချက်ထိတိုင်း ပရိသတ်ဘက်သို့လှည့်ကာ သူ့ရွှေသွားပေါ်အောင် ပြုံးပြနေသည်။ ဂျက်ဂျွန်ဆင်ဟန်မူရာမှာ "ခင်ဗျားတို့လူဖြူလက်သီးကို ကျုပ် ဖြုံတောင်မဖြုံဘူး" ဆိုသည့်ပုံစံမျိုးပင် ဖြစ်သည်။

၁၃ ချီတွင် ဂျွန်ဆင်သည် တော်မီ့ကို အလဲထိုး အနိုင်ယူရန် အခွင့်အရေးများ ဆုံးခဲ့ရသည်။ တော်မီသည် ဂျွန်ဆင်ပြသမျှ ခံရတော့မည့်အနေအထား ဖြစ်နေသော်လည်း ဂျွန်ဆင်သည် ပွဲသိမ်းလက်သီးမသုံးဘဲ ကစားမြဲကစားနေသည်။ ၁၄ ချီ စသည်နှင့် ရဲများ ကြိုးပေါ်သို့တက်လာပြီး ပွဲကို ရပ်သိမ်းပစ်လိုက်သည်။ ဒိုင်လူကြီးက ဂျက်ဂျွန်ဆင် အနိုင်ရကြောင်း ကြေညာလိုက်သည်။ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့သရဖူကို လူဖြူများလက်မှ ကပ္ပလီ ဂျက်ဂျွန်ဆင် ရယူနိုင်ခဲ့သည်။

ဂျက်ဂျွန်ဆင်သည် အလဲထိုး အနိုင်ရမည့် အခွင့်အရေးကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။ သို့သော် လူဖြူများကို နှိပ်စက်ထိုးသတ်ပြမည်ဆိုသော သူ့ရည်မှန်းချက်ကား အောင်မြင်ခဲ့သည်။ ဂျွန်ဆင် ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဖြစ်လာပြီးနောက် စိန်ခေါ်

mgyoe.com

သူများကို အနိုင်ယူထိုးသတ်နေခဲ့သည်။

ကပ္ပလီကြီး ဂျက်ဂျွန်ဆင်ကို အနိုင်ထိုးသတ်နိုင်သူ လက်ဝှေ့သမားမရှိတော့၍ ဂျွန်ဆင်သည် တစ်ပင်တိုင်မင်းသားကြီးအဖြစ် အောင်ပွဲဆင်နေသည်။ အထူးသဖြင့် လူဖြူ လက်ဝှေ့သမားများသည် ဂျွန်ဆင်ကို မယှဉ်ရဲကြတော့ချေ။ လူဖြူများသည် ဂျွန်ဆင်ကို ချန်ပီယံအဖြစ်မှ ဖြုတ်နိုင်မည့်သူကို ရှာဖွေကြသည်။

လူဖြူများ ရွေးထုတ်ခဲ့ကြသည့် လူဖြူ လက်ဝှေ့သမားများသည် ဂျွန်ဆင်ကို အရှုံးကြီး ရှုံးခဲ့ကြ၍ ဂျွန်ဆင်သည် ရွှေသွားများပေါ်အောင် လူဖြူများအား ပြုံးရယ်ဖြဲပြနေတော့သည်။ နောက်ဆုံးတွင် လူဖြူများ မခံမရပ်နိုင်ဖြစ်လာကြကာ အနားယူသွားသူ ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဂျိမ်းစ်ဂျေဂျက်ဖရီးစ်ကို ကြိုးဝိုင်းတွင်းသို့ ပြန်ဝင်လာအောင် တောင်းခံခဲ့ကြသည်။

အမေရိကန်တစ်နိုင်ငံလုံးမှ လူဖြူအားလုံးလိုလိုက ဂျက်ဖရီးစ် ပြန်လာရန် ဆန္ဒပေး တောင်းဆိုနေကြသည်။ ဂျက်ဖရီးစ်သည် သူ့လူရင်းများနှင့် တိုင်ပင်နှီးနှောပြီး ကပ္ပလီလူမည်း ဂျွန်ဆင်လက်မှ ဟဲဗီးဝိတ်လက်ဝှေ့သရဖူကို ပြန်ယူရန် ဆုံးဖြတ်ခဲ့သည်။ ထို့နောက် ဂျက်ဖရီးစ်က လက်ဝှေ့ကြိုးဝိုင်းတွင်းသို့ ပြန်ဝင်လာမည်ဟု ကြေညာချက် ထုတ်ပြန်လိုက်သည်။

အမေရိကန်နိုင်ငံတွင် ဂျက်ဖရီးစ် ပြန်လာတော့မည်ဆို၍ လူဖြူများ ဝမ်းသာအားရဖြစ်နေကြသည့် ယင်းသတင်းသည် အင်္ဂလန်၊ ဩစတြေးလျတို့သို့ပါ ပျံ့သွား၍ လူဖြူများ ဘဝင်အေးခဲ့ရသည်။ ဂျက်ဖရီးစ်သည် လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ပြီးနောက်...

"ကျုပ်တို့နိုင်ငံသား လူအများစုရဲ့ဆန္ဒအရ လက်ဝှေ့အိတ်ကို ပြန်စွပ်ပြီး ကြိုးဝိုင်းတွင်းသို့ပြန်လာတာပါ။ ဒီကောင်ကြီးလက်ထဲမှာ ဟဲဗီးဝိတ်သရဖူ မရှိစေချင်လို့၊ ကျုပ်ကို တမ်းတတောင်းဆိုခဲ့ကြတော့ တောင်းဆိုသူတွေရဲ့ဆန္ဒ ပြည့်ဝပါစေ" ဟု ထုတ်ဖော်ပြောဆို ကြေညာခဲ့သည်။

ချန်ပီယံ ကပ္ပလီကြီး ဂျက်ဂျွန်ဆင်သည် ဂျက်ဖရီးစ်အလာကို အပြုံးဖြင့် ဆီးကြိုစောင့်စားခဲ့သည်။ ၁၉၁၀ ခုနှစ်၊ ဇူလိုင် ၄ ရက်နေ့တွင် အမေရိကန်၊ နီဗာဒါပြည်နယ်၊ ရီနိုမြို့၌ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့သရဖူလုပွဲအဖြစ် ချန်ပီယံ ဂျက်ဂျွန်ဆင်နှင့် ချန်ပီယံဟောင်း ဂျက်ဖရီးစ်တို့ ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားသည်။ ပရိသတ်များကား ပွဲကြီးပွဲကောင်းကို အထူးပင် စိတ်ဝင်စား အာရုံပြုနေကြသည်။

ဇူလိုင် ၄ ရက်နေ့တွင် ပရိသတ်များ ရီနိုမြို့ကစားကွင်း၌ ပြည့်လျှံနေသည်။

mgyoe.com

mgyoe.com

လူဖြူပရိသတ်များသည် ဂျွန်ဆင်ကို သူတို့လူ ဂျက်ဖရီးစ်က အနိုင်ယူပြမည်ထင်ကာ ဝမ်းသာအားရ လာရောက်ကြည့်ရှုကြသည်။ ပွဲမစမီကပင် လူဖြူများသည် ဂျက်ဖရီးစ် အမည်ကို အားရပါးရ ဟစ်အော်ခေါ်နေကြသည်။ ဂျက်ဂျွန်ဆင်သည် သူ့ချစ်ဇနီး လူဖြူမ ကိုခေါ်လာကာ ကြိုးဝိုင်းနှင့် အနီးဆုံး ရှေ့ဆုံးတန်းတွင် နေရာချထားပေးသည်။

ဟဲဗီးဝိတ်သရဖူလုပွဲကြီး စတင်ပါပြီ။ ဂျက်ဖရီးစ်သည် အတိတ်က ရွှေထီးဆောင်း ကာ ချန်ပီယံဖြစ်ခဲ့ဖူးသော ဘဝကို ပြန်လည်သတိရနေဟန်တူသည်။ တရကြမ်း ဖိထိုး နေ၍ ဂျက်ဂျွန်ဆင်သည် ရှောင်လိုက် ဆုတ်လိုက် ထောက်လက်သီးဖြင့် ဟန့်တားလိုက် ဖြင့် ထိုးသတ်နေသည်။

ဂျက်ဖရီးစ်လက်သီးများ မနားတမ်း ပစ်သွင်းနေ၍ လူဖြူပရိသတ်ထု သြဘာသံ ညံနေတော့သည်။ ဂျွန်ဆင်သည် မှန်မှန်ထိုးသတ်ရင်း ညာလက်သီးနှစ်လုံး ဆင့်ကဲဆင့်ကဲ ပစ်သွင်းလိုက်ရာ ဂျက်ဖရီးစ်ကိုထိသွား၍ အခြေပျက်သွားခဲ့သည်။ ဂျွန်ဆင်သည် ရွှေသွား များပေါ်အောင် ပြုံးရယ်ပြီး ရှေ့ဆုံးမှ ထိုင်ကြည့်နေသည့် သူ့ဇနီးအား လှမ်းနှုတ်ဆက် နေသည်။

ဂျွန်ဆင့်လက်သီးများသာ မိမိရရထိနေပြီး ဂျက်ဖရီးစ်လက်သီးများမှာမူ ဂျွန်ဆင် ကို မထိတော့ချေ။ ဂျွန်ဆင်ကိုထိလျှင်လည်း မည်သို့မျှမဖြစ်ဘဲ ပြုံးရယ်ပြနေသည်။ ဂျွန်ဆင်သည် သူ စိတ်ကြိုက်ထိုးသတ်နိုင်သည့် အနေအထားရလာ၍ လူဖြူပရိသတ် သည် အခြေအနေမှန်ကို ကောင်းစွာ ရိပ်စားမိလာကြသည်။ သူတို့ အားထားမျှော်လင့် နေသည့် လူဖြူ ဂျက်ဖရီးစ်သည် သရဖူကို ပြန်လည်ရယူနိုင်မည့် လမ်းမရှိတော့ချေ။

ဂျွန်ဆင့်လက်သီးများ ဆက်တိုက်ထိနေရာ ဂျက်ဖရီးစ်သည် ယိမ်းယိုင်နေခဲ့သည်။ ၁၁ ချီကစ၍ ဂျက်ဖရီးစ် မောဟိုက်လာပြီး သူ့လက်သီးများသည်လည်း ဂျွန်ဆင်ကို ထိနိုင်စွမ်းမရှိတော့ပါချေ။ ၁၄ ချီ၌ ဂျွန်ဆင် ညာလက်သီးနှစ်လုံး မိမိရရထိသွား၍ ဂျက်ဖရီးစ်မျက်နှာပေါ်၌ သွေးများ ယိုစီးနေတော့သည်။

၁၅ ချီတွင် ဂျွန်ဆင့်ဘယ်လက်သီးတစ်လုံးဝင်သွားပြီး ညာလက်သီးပါ တွဲထိ သွား၍ ဂျက်ဖရီးစ် ဝုန်းခနဲလဲကျသွားရာ ပြန်ထမလာနိုင်တော့ချေ။ ဂျွန်ဆင်သည် သူ့ဇနီး ရှိရာဘက်သို့ လှည့်ကာ ခေါင်းညွှတ်ပြီး နှုတ်ဆက်နေသည်။ လူဖြူပရိသတ်များသည် သူတို့မျှော်လင့်ချက်မပြည့်ဝ၍ ဂျွန်ဆင်ကို အော်ဟစ်ဆဲဆိုနေကြသည်။

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့သရဖူကို ကပ္ပလီဂျွန်ဆင်လက်မှ လူဖြူ ဂျက်ဖရီးစ် ပြန်လည်ရယူရေးအစီအစဉ် ပျက်ပြားခဲ့ရပြီး ဂျွန်ဆင်ပင် သရဖူကို ကာကွယ်သိမ်းပိုက်

mgyoe.com

ထားနိုင်ခဲ့သည်။

ဌျှန်ဆင်ကိုဖြိုရန် (ဝါ) ဖယ်ရှားရန်အတွက် အမေရိကန်တစ်နိုင်ငံလုံးမှ လူဖြူများ အစီအရီပေါ်ထွက်လာခဲ့သည်။ သို့သော်လည်း မည်သူမျှ ဂျက်ဌျှန်ဆင်ကို မယှဉ်နိုင်ခဲ့ချေ။ ဌျှန်ဆင်နှင့် ထိုးသတ်ရန်အတွက် အမေရိကန်၌သာမက ကနေဒါနိုင်ငံတွင်ပါ လူဖြူများ ရှာဖွေခဲ့သော်လည်း ဌျှန်ဆင် ကစားသည့် အရုပ်ကလေးသဖွယ် ဖြစ်လာခဲ့ရသည်။

ယင်းအခြေအနေများကြောင့် ဂျက်ဌျှန်ဆင်ကို အမေရိကန်အာဏာပိုင်များက မလိုလားဘဲ နယ်နှင်ဒဏ်ပေးခဲ့သည်။ ဌျှန်ဆင်သည် လက်ဝှေ့ထိုးသတ်ခွင့်မရဘဲ ပိတ်ပင်ခြင်း ခံနေရရှာသည်။ နောက်ဆုံးတွင် လူဖြူလူထွားကြီး ဂျက်စ်ဝီးလားဒ်ဆိုသူကို ဌျှန်ဆင်နှင့်ယှဉ်ပြိုင်ရန် ရွေးထုတ်ခဲ့ကြသည်။ ဂျက်စ်ဝီးလားဒ်သည် ကိုယ်အလေးချိန် ၂၃၈ ပေါင်ရှိပြီး အရပ် ၆ ပေ ၅ လက်မကျော်သူဖြစ်၍ လူထွားကြီးတစ်ဦးဖြစ်သည်။

လူဖြူများက ဂျက်စ်ဝီးလားဒ်ကို အထူးမျှော်လင့်အားထားနေကြသည်။ သို့သော် တစ်ဖက်မှလည်း အမေရိကန်ပြည်သို့ လာခွင့်မပြုဘဲ နယ်နှင်ဒဏ်ပေးခြင်းခံနေရသူ ဂျက်ဌျှန်ဆင်ကို အမေရိကန်သို့ ပြန်လာလိုပါက အရှုံးပေးရမည်ဟု တောင်းဆိုခဲ့ကြသည်။ ဂျက်ဌျှန်ဆင်သည် အမေရိကန်၌ လက်ဝှေ့ထိုးသတ်ခွင့်မရသည့်ပြင် နေထိုင်ခွင့်ပါ မရသောကြောင့် ကျူးဘားသို့ သွားရောက်နေထိုင်ခဲ့ရသည်။

ဟဲဗီးဝိတ်ချန်ပီယံ ဂျက်ဌျှန်ဆင်သည် အမေရိကန်တွင် လက်ဝှေ့မထိုးရ၍ ဝင်ငွေမရှိသည့်ပြင် သူနှင့်ယှဉ်ပြိုင်မည့် ပြိုင်ဘက်မရှိသောကြောင့်လည်း ဝင်ငွေမရဘဲ ဆင်းရဲစွာ နေထိုင်ခဲ့ရသည်။ နောက်ဆုံးတွင် ဂျက်ဌျှန်ဆင်သည် ဂျက်စ်ဝီးလားဒ်နှင့် သရဖူလုပွဲထိုးသတ်ရန် သဘောတူညီလိုက်ရတော့သည်။ သရဖူလုပွဲကို ကျူးဘားနိုင်ငံ၌ပြုလုပ်ရန် စီစဉ် ခဲ့သည်။

ကမ္ဘာက စိတ်ဝင်စားလာအောင် လှုံ့ဆော်ခဲ့၍လည်း ချန်ပီယံ ဂျက်ဌျှန်ဆင်နှင့် ဂျက်စ်ဝီးလားဒ်တို့ပွဲကို ကြည့်ရှုရန် ကနေဒါ၊ အင်္ဂလန်၊ ဩစတြေးလျ၊ ဂျာမနီနိုင်ငံများမှ ပရိသတ်များသည် ကျူးဘားနိုင်ငံသို့ ရောက်လာခဲ့ကြသည်။ သရဖူလုပွဲကို ၁၉၁၅၊ ဧပြီ ၅ ရက်နေ့တွင် ကျူးဘားနိုင်ငံ၊ ဟာဗာနာမြို့တော်၊ အိုရီယင်တဲလ်ပတ်၌ ပြုလုပ်ခဲ့ရာ ပရိသတ်များ ပြည့်လျှံသွားသည်။ သရဖူလုပွဲအဖြစ် ၁၅ ချီထိုးသတ်ရန် စီစဉ်ထားသည်။

စိန်ခေါ်သူ လူထွားကြီး ဂျက်စ်ဝီးလားဒ်သည် ကောင်းဘွိုင် (ခေါ်) နွားကျောင်းသား သေနတ်သမားတစ်ဦးပင် ဖြစ်သည်။ ဌျှန်ဆင်သည် သူ့ဇနီးကို သူပြုမူနေကျအတိုင်း

mgyoe.com

ရှေ့ဆုံးတန်းမှ ထိုင်စေကာ နေရာချထားပေးသည်။ ပွဲစတင်သည့်အခါ ပွန်ဆင် ဘယ်ဝိုက်လက်သီးများသာ အများဆုံးသုံးပြီး ညာလက်သီးမှ မထိုးသလောက် နည်းလှသည်။ ဂျက်စ် လက်သီးများမှ မိုးသီးမိုးပေါက်ပမာကျလာ၍ ပွန်ဆင်ကို ထိနေခဲ့သည်။

ပွန်ဆင်သည် အထိုးခံရင်း ဘယ်ဝိုက်ညာဝိုက်လက်သီးများဖြင့် တုံ့ပြန်နေသည်။ လူဖြူပရိသတ်များသည် ပွန်ဆင် ရှုံးတော့မည်ဟု သတ်မှတ်ကာ ဂျက်စ်ကို တစ်ခဲနက် ဩဘာပေးနေကြသည်။ ပွန်ဆင်မှာမူ အပြုံးမပျက်။ သူ့အထိုးခံရလျှင်လည်း ပရိသတ်ဘက်သို့လှည့်ကာ ရွှေသွားများပေါ်အောင် ပြုံးပြနေသည်။ ပွန်ဆင့်ဟန်မူရာမှာ ဂျက်စ်လက်သီးများ မိုးသီးမိုးပေါက်ပမာ သူ့ကိုထိမှန်သော်ငြားလည်း သူမဖြုံဆိုသည့်သဘောပင်ဖြစ်သည်။

၁၀ ချီနောက်ပိုင်းတွင် ဂျက်ပွန်ဆင်သည် ပြုံးရယ်ပြီး "မင်း ငါ့ကို ဘာဖြစ်လို့ အနိုင်မထိုးသတ်သေးသလဲ။ လုပ်စမ်းပါ၊ ထိုးစမ်းပါ" ဟု ဂျက်စ်ဝီးလားဒ်အား လှမ်းပြောရင်း ထိုးသတ်နေခဲ့သည်။ ပွန်ဆင်သည် ဂျက်စ်ကိုယ်ကိုသာထိုးပြီး မျက်နှာကိုမူ ဖွင့်ပေးထားသည်။ ဂျက်စ်သည် ပွန်ဆင့်လက်သီးထိတိုင်း အခြေယိုင်သွားခဲ့ရသည်။

၁၈ ချီကစ၍ ပွန်ဆင့်လက်သီးများ နှေးကွေးနေပြီး ပွန်ဆင့်ပုံစံအခြေအနေမှာလည်း မောဟိုက်ကုန်ခန်းသကဲ့သို့ ဖြစ်နေသည်။ ဂျက်စ်မူ မောဟိုက်ခြင်းမရှိဘဲ သွက်လက်စွာထိုးသတ်နေခဲ့သည်။ ၁၉ ချီတွင် ပွန်ဆင်သည် နေရာ၌ရပ်ကာ ထိုးသတ်နေပြီး မျက်နှာကိုလည်း ကာကွယ်ထားခြင်းမရှိ၍ ပွင့်နေသည်။ ဂျက်စ်သည် ပွန်ဆင့်မျက်နှာကို ဖိထိုးနေစဉ် ပွန်ဆင့်ဘယ်လက်သီးတစ်လုံး ဂျက်စ်မေးရိုးကို မိမိရရထိသွားသဖြင့် ဂျက်စ် အခြေပျက်သွားခဲ့ရသည်။

သို့သော် ပွန်ဆင် ဆက်မထိုးဘဲနေသဖြင့် ဂျက်စ် လက်သီးများ ပြန်သွင်းသည်။ ၂၅ ချီ၌ ဂျက်စ်လက်သီးများကြောင့် ပွန်ဆင် ယိမ်းယိုင်နေခဲ့သည်။ ၂၆ ချီစသည့်အခါ ပွန်ဆင်သည် သူ့နေရာမှ လေးတွဲ့စွာ တစ်လှမ်းချင်းထလာသော်လည်း ဂျက်စ်မှာမူ ပေါ့ပါးသွက်လက်စွာဖြင့် ပွန်ဆင်ထံ ပြေးဝင်လာခဲ့သည်။

ဂျက်စ်ဘယ်ထောက်လက်သီးသည် ပွန်ဆင့်မျက်နှာကို လျင်မြန်စွာထိသွားသည်။ ဆက်တိုက်ပင် ညာလက်သီးက ပွန်ဆင့်ဗိုက်ကို ထိသွားပြန်သည်။ ပွန်ဆင်သည် ဂျက်စ်ကို ပြေးဝင်ဖက်ထား၍ ဒိုင်က နောက်ဆုတ်ခွာခိုင်းသည်နှင့် ဂျက်စ်လက်သီးတစ်လုံး ပွန်ဆင့်ကိုယ်ကိုထိကာ ဘယ်ဝိုက်လက်သီးပါ မေးရိုးကို ထပ်ဆင့်ထိ၍ ပွန်ဆင် ဒူးညွတ်ကျသွားတော့သည်။ ချန်ပီယံ ဂျက်ပွန်ဆင်သည် ဒူးညွတ်ကျသွားရာမှ ပက်လက်လန်

mgyee.com

 mgyoe.com 

လဲကျသွားစဉ် ကြိုးဝိုင်းဒိုင်လူကြီး ဂျက်ဝဲလ်ချ် နံပါတ်စဉ်ရေတွက်၍ နံပါတ် ၁၀ ဓေသည် အထိ ပြန်မထနိုင်သဖြင့် ဂျက်စ်ဝီးလားဒ် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာခဲ့သည်။

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့သရဖူကို ရာစုနှစ်နီးပါး သိမ်းပိုက်ထားနိုင်ခဲ့သော ကပ္ပလီကြီး ဂျက်ဂျွန်ဆင်သည် ချန်ပီယံသရဖူကို စွန့်လွှတ်လိုက်ရလေတော့သည်။ ဂျွန်ဆင် အလဲထိုးခံရကာ ရှုံးနိမ့်ခဲ့သည်ဟု သတ်မှတ်ခဲ့ကြသော်လည်း နောင်နှစ်များကြာသည့် အခါ ဂျက်ဂျွန်ဆင်က သူ အမှန်တကယ်မရှုံးခဲ့ပါဟု ကြေညာခဲ့လေသည်။

ဂျက်ဂျွန်ဆင်သည် အသက် ၃၀ တွင် ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဖြစ်ခဲ့သည်။ သရဖူကာကွယ်ပွဲ ၁၀ ပွဲထိုးသတ်ခဲ့ရာ ၉ ပွဲအနိုင်ရပြီး နောက်ဆုံးပွဲကျမှ ဂျက်စ်ဝီးလားဒ်ကို ရှုံးခဲ့ရသည်။ ဂျွန်ဆင်သည် ပွဲပေါင်း ၉၇ ပွဲထိုးသတ်ခဲ့ရာ ၆၉ ပွဲနိုင်ပြီး ၉ ပွဲ သရေကျကာ ၅ ပွဲရှုံးခဲ့သည်။ ၃၃ ပွဲ အလဲထိုးအနိုင်ရခဲ့သူဖြစ်သည်။

တော်မီဘန်းစ်နှင့် သရဖူလုပွဲထိုးသတ်ခဲ့စဉ်က ဂျွန်ဆင်သည် တော်မီ့ထက် အသက်နှစ်နှစ်ကြီးသည်။ ဂျက်စ်ဝီးလားဒ်နှင့် သရဖူလုပွဲထိုးသတ်စဉ်က ဂျွန်ဆင်သည် ဂျက်စ်အသက်ထက် ငါးနှစ်ကြီးသည်။

ဂျက်ဂျွန်ဆင်က… "ဒီပွဲမှာ ကျုပ်အရှုံးမပေးရင် ကိုယ့်နေရပ်ဒေသကိုတော့ ပြန် လို့ရမှာမဟုတ်ပါဘူး။ အဲဒါကြောင့် အရှုံးပေးခဲ့တာပါ။ အဲဒီတုန်းက ကျုပ်အလဲထိုးခံရ တယ်ဆိုတဲ့ ဓာတ်ပုံကို ပြန်ကြည့်ရင် သိသာပါတယ်။ ကျုပ်လဲကျတဲ့အခါ မျက်နှာကို နေရောင်ထိုးနေလို့ ညာဘက်လက်နဲ့ နေကို ကာထားခဲ့ရပါသေးတယ်ဗျာ" ဟု ထုတ် ဖော်ပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေ ဂျက်ဂျွန်ဆင် ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲများသည် ကမ္ဘာကျော် လက်သီးပွဲများအဖြစ် မှတ်တမ်းတင်ခံရသည့်ပြင် ဂျက်ဂျွန်ဆင်ကိုလည်း အကောင်းဆုံး ဟဲဗီးဝိတ် လက်ဝှေ့သမားတစ်ဦးအဖြစ် ယနေ့တိုင် အသိအမှတ်ပြုထားကြလေသည်။

❑

mgyoe.com

mgyoe.com

# ရှူးဂါးရေးရော်ဘင်ဆင်


"တကယ်ပါဗျာ၊ ရှူးဂါးရေးလို လက်ဝှေ့သမားမျိုး ရှားပါတယ်။ လက်ဝှေ့ပညာလည်း ပြည့်ဝတယ်၊ လက်သီးလည်းပြင်းတယ်၊ လျင်မြန်မှုကလည်း အထူးပါပဲ။ စိတ်ဓာတ်၊ ခွဲသတ္တိ၊ အားမာန်ဆိုတာလည်း ဘယ်သူမှ မမီပါဘူး။ သူ့တစ်ယောက်ကိုပဲလေးစားတယ်၊ အထင်လည်းကြီးတယ်။ အားလည်းကျတယ်" ဟု ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ မိုဟာမက်အလီက ထုတ်ဖော်ပြောကြားခဲ့သည်။

ချန်ပီယံအလီသည် ရှူးဂါးရေးရော်ဘင်ဆင်ကို လေးစားခင်မင်သူပင်ဖြစ်သည်။ အလီ ထိုးသတ်သည့်ပွဲများသို့ ရော်ဘင်ဆင် လိုက်ပါလေ့ရှိသည်။ ဆန်နီလစ္စတန်နှင့်သရဖူလုပွဲ ထိုးသတ်ရန် ပြင်ဆင်နေစဉ်ကလည်း တစ်ကမ္ဘာလုံးက အလီ(ကလေး) ရှုံးမည်၊ လစ္စတန်သာ အနိုင်ရမည်ဟု တစ်ပေးခဲ့ကြရာ ရှူးဂါးရေးရော်ဘင်ဆင်ကမူ အလီသာ အနိုင်ရမည်ဟု ဟောကိန်းထုတ်ခဲ့သည်။

ရေးရော်ဘင်ဆင်သည် မိုဟာမက်အလီ အထင်ကြီးလေးစားမည်ဆိုပါက အမှန်ပင် လေးစားထိုက်သူတစ်ဦးပင်ဖြစ်သည်။ ကမ္ဘာ့ဝဲလ်တာဝိတ်နှင့် မစ်ဒယ်လ်ဝိတ်တန်းချန်ပီယံသရဖူများကို ရယူခဲ့သူဖြစ်ပြီး ကြေးစားလက်ဝှေ့သမိုင်း၌ သက်တမ်းအရှည်ဆုံးလက်ဝှေ့သမားတစ်ဦးလည်းဖြစ်သည်။ ကြေးစားလက်ဝှေ့သမားအဖြစ် ၂၅ နှစ်ကြာ ထိုးသတ်ခဲ့သူဖြစ်ရာ သူနှင့် သက်တူရွယ်တူများ အနားယူသွားသည့်တိုင် ထိုးသတ်မြဲ ထိုးသတ်နေခဲ့သည်။

mgyoe.com

 mgyoe.com 



ရှူးဂါးရေးရော်ဘင်ဆင်

mgyoe.com

ကမ္ဘာ့လက်ဝှေ့ချန်ပီယံသရဖူများကို ရေးရော်ဘင်ဆင်သည် ခြောက်ကြိမ်ရယူခဲ့သူဖြစ်ရာ သူ့လိုလက်ဝှေ့သမားသည် ကမ္ဘာ့လက်ဝှေ့လောက၌ ယနေ့တိုင် ပေါ်ထွက်လာခြင်း မရှိသေးချေ။ ရော်ဘင်ဆင်သည် ပွဲပေါင်း ၂၀၂ ပွဲထိုးသတ်ခဲ့ရာ ၁၇၅ ပွဲနိုင်ပြီး ၁၉ ပွဲသာ ရှုံးခဲ့သည်။ သူသည် အသက် ၄၆ နှစ်အရွယ်အထိ လက်ဝှေ့ထိုးသတ်ခဲ့သူဖြစ်၍ စံပြလက်ဝှေ့သမားတစ်ဦးပင် ဖြစ်ခဲ့သည်။

ရှူးဂါးရေးရော်ဘင်ဆင်သည် ၁၉၄၆ ခုနှစ်တွင် ကမ္ဘာ့ဝဲလ်တာဝိတ်တန်း လက်ဝှေ့ချန်ပီယံ ဖြစ်လာခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံဖြစ်ပြီး ငါးလအတွင်း ရှုံးနိမ့်၍ ချန်ပီယံသရဖူကို စွန့်လွှတ်ခဲ့ရသည်။ နှစ်လအတွင်း စွန့်လွှတ်ခဲ့ရသော ချန်ပီယံသရဖူကို ပြန်လည်ရယူခဲ့သည်။

၁၉၅၃ ကစ၍ ရေးရော်ဘင်ဆင်သည် မစ်ဒယ်လ်ဝိတ်သရဖူကို ထပ်မံစွန့်လွှတ်လိုက်ရပြန်ကာ ၁၉၅၅ ခုနှစ်တွင် ပြန်လည်ရယူခဲ့ပြန်သည်။ ၁၉၅၇ တွင် သရဖူ ပြန်လည်စွန့်လွှတ်ရပြန်ပြီး လေးလေအတွင်း ထပ်မံရယူကာ လေးလအတွင်း ထပ်မံစွန့်လွှတ်ရပြန်သည်။ သို့သော် ခြောက်လအတွင်း ပြန်လည်ရယူခဲ့ပြန်သည်။

သူ့လို ဖွဲ့အားမာန်ပြည့်ဝသော လက်ဝှေ့သမားမျိုး မပေါ်ပေါက်သေးပါဟု ကမ္ဘာတစ်ဝန်းလုံးက တညီတညွတ်တည်း သတ်မှတ်လက်ခံထားကြသည်။ ရှူးဂါးရေးကဲ့သို့ လက်ဝှေ့သမားကား ရှားလှပါသည်။

"......... ကျုပ်ဟာ ငယ်ငယ်က အင်မတန်ပဲ ဆင်းရဲပါတယ်။ လက်ဝှေ့စထိုးသတ်တဲ့အချိန်အထိ ဆင်းရဲပါတယ်။ လက်ဝှေ့ထိုးတာဟာ ငွေရချင်လို့ပါပဲ။ ငွေမရရင် မထိုးပါဘူး။ လက်ဝှေ့ထိုးတိုင်းလည်း တစ်ဖက်လူကို ငါ သေချာပေါက်အနိုင်ရမယ်လို့ မထင်မှတ်ခဲ့ပါဘူး" ရှူးဂါးရေးရော်ဘင်ဆင်က သူ့လက်ဝှေ့ အဘိဓမ္မာကို ဖွင့်ဟပြောကြားခဲ့သည်။

ရှူးဂါးရေးရော်ဘင်ဆင်သည် အမေရိကန်နိုင်ငံ၊ ဒက်ထရွိုက်မြို့တွင် ၁၉၂၀ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဒက်ထရွိုက်မှ နယူးယောက်သို့ ပြောင်းရွှေ့လာပြီး လက်ဝှေ့ပွဲများ စတင်ထိုးသတ်ခဲ့သူဖြစ်သည်။ ဆင်းရဲသား ကပ္ပလီကလေး ရော်ဘင်ဆင်သည် လက်ဝှေ့ကို ဝါသနာထုံလှသည်။ လက်ဝှေ့ထိုးသတ်သည်များကို ထမင်းမစားဘဲ သွားကြည့်နေတတ်သည်။ လူဆင်းရဲ ကပ္ပလီများအဖို့ ထွက်ရပ်လမ်းမှာ လက်ဝှေ့ထိုးသတ်ပွဲပင်ဖြစ်သည်။

ရေးရော်ဘင်ဆင်သည် အမေရိကန် အပျော်တမ်းလက်ဝှေ့အဖွဲ့ချုပ်ကြီးမှ ကြီးမှူးပြုလုပ်သည့် အပျော်တမ်း တံခွန်စိုက် လက်ဝှေ့ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၁၉၃၉

ခုနှစ် ရွှေလက်အိတ်ပြိုင်ပွဲ၌ ဖဲသားဝိတ်တန်းချန်ပီယံဖြစ်လာခဲ့သည်။ ၁၉၄၀ ခုနှစ် ရွှေလက်အိတ်ပြိုင်ပွဲတွင်မူ လိုက်ဝိတ်တန်း ချန်ပီယံဆုကို ရော်ဘင်ဆင် ရယူခဲ့ပြန်သည်။

ရော်ဘင်ဆင်သည် အပျော်တမ်း လက်ဝှေ့ပွဲပေါင်း ၈၅ ပွဲ ထိုးသတ်ခဲ့ရာ ၆၉ ပွဲ အလဲထိုး အနိုင်ရခဲ့သည်။ အလဲထိုးအနိုင်ရသော ၆၉ ပွဲအနက် ပွဲ ၄၀ မှာ ပထမအချီ၌ အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။ အပျော်တမ်း လက်ဝှေ့သမားများအနက် ပထမအချီ၌ ယခုကဲ့သို့ အလဲထိုးအနိုင်ယူနိုင်စွမ်းရှိသူ မရှိသေးချေ။ ရေးရော်ဘင်ဆင်ကား ရှာမှ ရှားသူ၊ အလားအလာကောင်းရှိသူအဖြစ် လက်ဝှေ့လောကတွင် ပေါ်ထွက်လာတော့သည်။

ရေးရော်ဘင်ဆင် လက်ဝှေ့ထိုးသတ်ပုံ၊ ထိုးသတ်နည်းများကို လေ့လာအကဲခတ်ကြည့်နေသော ကြေးစားလက်ဝှေ့လောကမှ ကြေးစားလောကသို့ ဝင်လာရန် ခေါ်ယူခဲ့ကြသည်။ ငွေကြေးရဖို့အတွက် လက်ဝှေ့ပွဲထိုးသတ်နေခြင်းသာ ဖြစ်ပါသည်။ ငွေမရဘဲ လက်ဝှေ့မထိုးသတ်နိုင်ပါ ဟု ကြွေးကြော်ခဲ့သူ ရေးရော်ဘင်ဆင်အဖို့ ကြေးစားလက်ဝှေ့နယ်သို့ ခေါင်းမော့ကာ ခပ်ဝင့်ဝင့် ဝင်ရောက်လာနိုင်ခဲ့သည်။

၁၉၄၀ ခုနှစ်တွင် ကြေးစားလက်ဝှေ့လောကသို့ ဝင်လာသူ ရေးရော်ဘင်ဆင်သည် အောင်ပွဲများဖြင့် ပွဲဦးထွက် မျက်နှာပန်းလှနေသည်။ ကြေးစားလက်ဝှေ့ပွဲပေါင်း ၄၀ ဆက်တိုက် အနိုင်ရရာ ၂၉ ပွဲမှာ အလဲထိုးအနိုင်ရခြင်းဖြစ်၍ ကြေးစားလက်ဝှေ့လောကတွင် ရေးရော်ဘင်ဆင် အမည်သည် တစ်မုဟုတ်ချင်း ကျော်ကြားရေပန်းစားလာသည်။

၁၉၄၁ ခုနှစ်တွင် သရဖူလုပွဲမဟုတ်သော ပွဲကြီးပွဲကောင်းတစ်ပွဲ ရေးရော်ဘင်ဆင်နွှဲခဲ့ရာ အောင်ပွဲဆင်သွား၍ အနာဂတ်ချန်ပီယံလောင်းတစ်ဦး ပေါ်ထွက်လာပြီဟု ရေးသားခြင်း ခံခဲ့ရသည်။ ကမ္ဘာ့လိုက်ဝိတ်ချန်ပီယံ ဆမ်မီအန်ဂေါ့နှင့် ရေးရော်ဘင်ဆင်တို့ ထိုးသတ်သောပွဲမှာ ကမ္ဘာ့ချန်ပီယံသရဖူကို ရော်ဘင်ဆင် ရယူနိုင်စွမ်းရှိပြီဆိုခြင်းကို သက်သေထူပြခြင်းဖြစ်သည်။

ရေးရော်ဘင်ဆင် အမှတ်ဖြင့် အနိုင်ရခဲ့ရာ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ ဂျိုးလူးဝီးက "ရေးရော်ဘင်ဆင်ဟာ သတ်လုံးသတ်ပေါက် သိပ်လှ၊ သိပ်ကောင်းတဲ့သူပါ။ လက်သီးနှစ်လုံးစလုံးကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်ပါတယ်။ တစ်နေ့တော့ ကမ္ဘာ့ချန်ပီယံဖြစ်လာမယ့်သူပါ" ဟု ဝေဖန်ပြောကြားခဲ့သည်။ ရော်ဘင်ဆင်ဟာ ဟဲဗီးဝိတ်တန်းကိုယ်အလေးချိန်ရှိခဲ့ပါလျှင် ချန်ပီယံသရဖူ ရယူနိုင်စွမ်းရှိသည်ဟုလည်း မှတ်ချက်ချခြင်း ခံခဲ့ရသည်။

mgyoe.com

ချန်ပီယံ အန်ဂေါ့ကို အနိုင်ရပြီးနောက် ဝဲလ်တာဝိတ်တန်းမှ မာတီဆာဗိုကို ရေးရော်ဘင်ဆင် အနိုင်ယူလိုက်သည်။ မာတီဆာဗိုသည် နောင် (၁၉၄၆) တွင် ကမ္ဘာ့ ဝဲလ်တာဝိတ်ချန်ပီယံ ဖြစ်လာခဲ့သည်။ ထို့နောက် ဝဲလ်တာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း ဖရစ်ဇီဇစ်မစ်ကို ရော်ဘင်ဆင်က အမှတ်ဖြင့် အနိုင်ယူလိုက်ပြန်သည်။ ဇစ်မစ်သည် ၁၉၄၀ ခုနှစ် ကမ္ဘာ့ချန်ပီယံဖြစ်ပြီး ရော်ဘင်ဆင်နှင့် မထိုးမီကပင် ချန်ပီယံသရဖူကို စွန့်လွှတ်ခဲ့ ရခြင်းဖြစ်သည်။

၁၉၄၂ တွင် ရေးရော်ဘင်ဆင်သည် အောင်မြင်မှုကြီးများကို ထပ်ဆင့်ရယူလိုက် ပြန်သည်။ ပထမဦးစွာ ဇစ်မစ်နှင့် ဒုတိယအကြိမ် ပြန်လည်ထိုးသတ်ရာ အလဲထိုး အနိုင် ရလိုက်သည်။ ဆာဗိုနှင့် တစ်ပတ်ပြန်ကျော့ထိုးသတ်ရာ ရော်ဘင်ဆင် အမှတ်ဖြင့် နိုင်ပြန် သည်။ အန်ဂေါ့ကိုလည်း ဒုတိယအကြိမ် ဆုံတွေ့ရာ၌ အမှတ်ဖြင့် အနိုင်ရပြန်သည်။

ရေးရော်ဘင်ဆင်သည် သူနှင့် သက်တူရွယ်တူ တက်လူငယ် လက်ဝှေ့ကျော် တစ်ဦးဖြစ်သူ ဂျိတ်လာမော့တာနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အကြိတ်အနယ်ထိုးသတ်ရပြီး အမှတ်ဖြင့် အနိုင်ရသည်။ ဂျိတ်လာမော့တာသည် ရေးရော်ဘင်ဆင်နှင့် ခေတ်ပြိုင် လက် ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ၁၉၄၉ တွင် ကမ္ဘာ့မစ်ဒယ်လ်ဝိတ်ချန်ပီယံ ဖြစ်လာခဲ့သည်။

အမေရိကန်တစ်ခွင်၌ ရှူးဂါးရေးရော်ဘင်ဆင် အမည်သည် လက်ဝှေ့ချန်ပီယံ တစ်ဦးအမည်ထက်ပင် ကျော်ကြားနေသည်။ ရေးရော်ဘင်ဆင်ဆိုလျှင် မသိသူ မရှိ သလောက် ဖြစ်နေတော့သည်။ ကြေးစားလက်ဝှေ့သမားဘဝတွင် အရှုံးဆိုသည်မှာ ချိုနဲ့ လားဟု မေးရလောက်အောင် မရှုံးဖူးသေးသူ၊ ရော်ဘင်ဆင်သည် အောင်မြင်မှုအောက်၌ ဝမ်းသာရွှင်မြူးနေသည်။

ဝဲလ်တာဝိတ်သရဖူကို အချိန်မရွေး ရယူနိုင်သည်ဟုလည်း ဝေဖန်ရေးသားကြ၍ ရော်ဘင်ဆင်အဖို့ လုပ်သမျှ တင့်တယ်နေတော့သည်။ ရော်ဘင်ဆင်ကား ချန်ပီယံထက် ပင် ကျော်ကြားအောင်မြင်နေခဲ့သည်။

၁၉၄၃ ခုနှစ်သို့ ရောက်လာသည့်အခါ ရော်ဘင်ဆင်သည် ပြိုင်ဘက်များ ရှားပါး လာတော့သည်။ ရော်ဘင်ဆင် လက်ဝှေ့ထိုးလျှင် ပရိသတ် စိတ်ဝင်စား ကြည့်ရှုကြ၍ လည်း ဝင်ငွေကောင်းခဲ့သည်။ ယနေ့ခေတ်တွင် မိုဟာမက်အလီသည် ပရိသတ်ကို ဆွဲ ဆောင်နိုင်မှုအရှိဆုံးဖြစ်သကဲ့သို့ ရေးရော်ဘင်ဆင်လည်း ထိုခေတ်က ပရိသတ်အကြည့် များပြီး ဝင်ငွေကောင်းသူဖြစ်ခဲ့သည်။

ပြိုင်ဘက်မရှိသလောက် ဖြစ်နေသူ ရော်ဘင်ဆင်ာသည် ၁၉၄၃ ခုနှစ်အတွက်

 mgyoe.com 

ပွဲဦးထွက်အဖြစ် ပြိုင်ဘက်ပေဟောင်း လာမေ့တာကို ရွေးချယ်လိုက်သည်။ ဖေဖော်ဝါရီ ၅ ရက်နေ့ လာမေ့တာနှင့် ထိုးသတ်ခဲ့ရာ အကြိတ်အနယ် ထိုးသတ်ရပြီး ရော်ဘင်ဆင် အမှတ်ဖြင့် ရှုံးနိမ့်သွားရသည်။ မရှုံးဖူးသေးသူ ရော်ဘင်ဆင်သည် အရှုံးဒဏ်ကို လှလှ ကြီး ခံစားခဲ့ရသည်။

သို့သော် စိတ်ဓာတ်မကျ၊ အားမလျှော့၊ မာန်မကျဘဲ အမှားများကိုပြုပြင်ကာ ကြိုးပမ်းလေ့ကျင့်ခဲ့သည်။ မရှုံးမီက ပြင်ဆင်မှုအပိုင်း၌ အားနည်းခဲ့ရသည်။

ရေးရော်ဘင်ဆင်သည် သူ့အောင်မြင်မှုခရီး၌ အရှုံးကို ကြုံတွေ့လိုက်ရ၍ အောင့် သက်သက်ဖြစ်သွားရသည်။ တတိယအကြိမ် စိတ်မကျေပွဲထိုးသတ်မည်ဟု ရော်ဘင်ဆင် က ကြေညာလိုက်သည်။ လာမေ့တာကိုရှုံးပြီး သုံးပတ်အကြာ ဖေဖော်ဝါရီ ၂၆ ရက်နေ့ တွင် ရော်ဘင်ဆင်နှင့် လာမေ့တာတို့ တတိယအကြိမ်ဆုံတွေ့ရာ ပရိသတ်ပြည့်လျှံအောင် လာရောက်ကြည့်ရှုခဲ့ကြသည်။

သူတို့နှစ်ဦးစလုံးသည် လက်ရည်မသာဘဲ အကြိတ်အနယ်ထိုးသတ်ခဲ့ကြသူများ ဖြစ်၍လည်း ပွဲကြီးပွဲကောင်းအဖြစ် သတ်မှတ်ကာ ကြိတ်ကြိတ်တိုးလာကြည့်ကြခြင်း ဖြစ် သည်။ ရေးရော်ဘင်ဆင်သည် ပွဲအစမှအဆုံး လျင်မြန်စွာထိုးသတ်ရင်း လက်သီးစုံ ပညာစုံ ပြသသွားခဲ့သည်။ ပရိသတ်သြဘာသံများလည်း ညံနေခဲ့သည်။

ရေးရော်ဘင်ဆင် အမှတ်ဖြင့် အနိုင်ယူလိုက်ပြန်သည်။ သူ့လက်သီးများကား သွက်လက်လျင်မြန်လွန်း၍ လက်ဝှေ့သမားကြီးများကပင် အံ့သြချီးကျူးခဲ့ရသည်။

၁၉၄၃ နောက်ပိုင်းတွင် ရော်ဘင်ဆင်သည် ထိပ်သီးလက်ဝှေ့ချန်ပီယံဟောင်း ဟင်နရီအမ်းစထရောင်းနှင့် နယူးယောက်တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ဟင်နရီသည် ၁၉၃၇ ခုနှစ်က ဖဲသားဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ပြီး ၁၉၃၈ တွင် ဝဲလ်တာဝိတ်နှင့် လိုက်ဝိတ်တန်းများ၌ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည်။ ၁၉၄၀ တွင် ကမ္ဘာ့သရဖူကို ဟင်နရီ စွန့်လွှတ်ခဲ့ရပြီးနောက် ၁၉၄၁ ခု၌ စိတ်မကျေပွဲဝယ် ရှုံးနိမ့်ကာ အနားယူနေခဲ့သည်။

၁၉၄၃ တွင် ဟင်နရီသည် ကြိုးဝိုင်းတွင်းသို့ ပြန်ဝင်လာရာ အောင်ပွဲများဖြင့် ပြန်လည်စတင်နိုင်ခဲ့သည်။ သို့သော် တက်လူငယ် ရေးရော်ဘင်ဆင်နှင့် တွေ့သည့်အခါ ဟင်နရီ အမှတ်ဖြင့် ရှုံးနိမ့်သွားရသည်။ ရော်ဘင်ဆင်သည် အတင်းဝင် ပူးကပ်မထိုးသတ် ဘဲ ရှောင်တိမ်းပြေးလိုက်၊ ခွာထိုးလိုက်ဖြင့် လျင်မြန်စွာ ရွေ့လျားထိုးသတ်ခဲ့သည်။

ဟင်နရီသည် ရော်ဘင်ဆင် ရှောင်တိမ်းနည်းဖြင့် ထိုးသတ်နေ၍ စိတ်မရှည်တော့ ဘဲ...

mgyoe.com

"ရေး... မင်း ငါ့ကိုဝင်ထိုးပါကွ၊ မကြောက်ပါနဲ့။ မင်းကို ပရိသတ်က လှောင်တော့မယ်။ ငါတော့ မင်းကို အလဲထိုးမယ်ဟေ့" ဟု ထိုးသတ်ရင်း ကြုံးဝါးခဲ့သည်။

ရော်ဘင်ဆင်ကလည်း "လုပ်စမ်းပါ၊ ခင်ဗျား ကျုပ်ကို အလဲထိုးနိုင်အောင်၊ မိအောင် လိုက်ဖမ်းစမ်းပါ။ ခင်ဗျားမိရင်တော့ ကျုပ် ရှုံးပြီပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျား ဘယ်တော့မှ ကျုပ်ကို မမိပါဘူး၊ ဟဲ... ဟဲ..." ဟု တုံ့ပြန် ပြောကြားခဲ့သည်။

မှန်ပေသည်၊ ဟင်နရီသည် လိုက်ထိုးရင်း ရော်ဘင်ဆင် လက်သီးများနှင့်သာ တိုးနေရသည်။ သို့နှင့် ပွဲပြီးဆုံးရာ အမှတ်ရအောင်ယူနိုင်ခဲ့သူ ရော်ဘင်ဆင် အမှတ်ဖြင့် အနိုင်ရသွားသည်။ ရော်ဘင်ဆင်အဖို့ ကြီးမားသောအောင်မြင်မှုတစ်ရပ်ပင် ဖြစ်တော့သည်။ ဟင်နရီထံမှ တန်ဖိုးမဖြတ်နိုင်သော ပညာကို ရယူနိုင်ခဲ့သည်။

၁၉၄၅ တွင် ရေးရော်ဘင်ဆင်သည် ကမ္ဘာ့ဝဲလ်တာဝိတ်လက်ဝှေ့သရဖူကို ရယူရန်အတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လာခဲ့သည်။ ပထမဦးစွာ တော်မီဘဲလ်ကို အမှတ်ဖြင့် အနိုင်ရသည်။ ပရိသတ်များ တောင်းခံချက်အရ ဂျိတ်လာမော့တာနှင့် နှစ်ကြိမ် (စတုတ္ထနှင့်ပဉ္စမ) ထိုးသတ်ခဲ့ရာ နှစ်ကြိမ်စလုံး၌ ရော်ဘင်ဆင် အမှတ်ဖြင့် အနိုင်ရသည်။

၁၉၄၆ တွင် ဝဲလ်တာဝိတ်ချန်ပီယံသရဖူ လစ်လပ်သွားသည်။ မာတီဆာဗိုသည် ချန်ပီယံအဖြစ်မှ အနားယူသွား၍ ရော်ဘင်ဆင်သည် သူ အနိုင်ရခဲ့သူ ဆာဗိုနှင့် ထပ်ဆင့် မထိုးသတ်လိုက်ရချေ။ ရော်ဘင်ဆင် သရဖူရယူရန် ပြင်ဆင်လှုပ်ရှားလာသဖြင့် ဆာဗို အနားယူသွားခြင်းဖြစ်သည်။ ဆာဗိုသည် ချန်ပီယံမဖြစ်မီကပင် ရော်ဘင်ဆင်ကို ရှုံးထား၍ ရှောင်သွားခြင်းဖြစ်သည်ဟု ဝေဖန်ရေးသားခဲ့ကြသည်။

လစ်လပ်သော ဝဲလ်တာဝိတ်သရဖူကို ရော်ဘင်ဆင်သည် တော်မီဘဲလ်နှင့် ယှဉ်လုခဲ့ရသည်။ ၁၉၄၆၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် နယူးယောက်၌ ၁၅ ချီ သရဖူလုပွဲ ပြုလုပ်ခဲ့ရာ ရော်ဘင်ဆင်သည် ဘဲလ်ကို အမှတ်ဖြင့် အပြတ်အနိုင်ရကာ ကမ္ဘာ့ချန်ပီယံ ဖြစ်လာခဲ့သည်။ ရော်ဘင်ဆင်သည် ခက်ခဲစွာထိုးသတ်ခဲ့ရခြင်း မရှိပါချေ။ သရဖူလုပွဲမှာ ရော်ဘင်ဆင်အဖို့ ခပ်လွယ်လွယ်ဖြစ်ခဲ့သည်ဟု သူကိုယ်တိုင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာ့ဝဲလ်တာဝိတ်တန်း လက်ဝှေ့ချန်ပီယံ ရေးရော်ဘင်ဆင်သည် ၁၉၄၇ ခုနှစ်တွင် ပထမအကြိမ် သရဖူကာကွယ်ပွဲအဖြစ် ဂျင်မီဒွိုင်းလ်နှင့် ထိုးသတ်ခဲ့ရာ ရော်ဘင်ဆင် အလဲထိုး အနိုင်ရသည်။ ယင်းပွဲကား သမိုင်းတွင်မည့် ပွဲတစ်ပွဲဖြစ်ခဲ့ရသည်။ အလဲထိုးခံရသူ ဒွိုင်းလ်သည် ရေးရော်ဘင်ဆင် လက်သီးချက်ကြောင့် သေဆုံးခဲ့ရ၍လည်း မှတ်တမ်း

mgyee.com

mgyoe.com


ဝင်ပွဲဖြစ်ခဲ့ရသည်။ ၁၉၅၀ တွင် ရေးရော်ဘင်ဆင်သည် ချပ်တေလာ၊ ဘားနတ်ဒို့ကျူးစံ၊ ချာလီဖူစာရီ၊ ကစ်ဂါဗီလန် (နောင်တွင် ဝဲလ်တာဝိတ်ချန်ပီယံ ဖြစ်လာသူ) တို့ကို သရဖူ ကာကွယ်ပွဲများ ထိုးသတ်ရာ၌ အနိုင်ရခဲ့သည်။

ထို့ပြင် သရဖူလုပွဲမဟုတ်သော ပွဲသုံးပွဲထိုးသတ်ခဲ့ရာ ဘိုဘိုအော်လ်ဆင် (၁၉၅၃ ကမ္ဘာ့မစ်ဒယ်လ်ဝိတ်ချန်ပီယံ) အပါအဝင် နှစ်ဦးကို ရေးရော်ဘင်ဆင် အနိုင်ရခဲ့သည်။ ၁၉၅၀–၅၁ တွင် ရေးရော်ဘင်ဆင် အမည်သည် ကြေးစားလက်ဝှေ့လောက၌ ဟဲဗီးဝိတ် လက်ဝှေ့သမားများထက်ပင် ကျော်ကြားရေပန်းစားနေခဲ့သည်။ ထိုခေတ်က လူသိအများ ဆုံးနှင့် ပရိသတ်အကြိုက်ဆုံးလက်ဝှေ့သမားမှာ ရှုးဂါးရေးရော်ဘင်ဆင်ပင် ဖြစ်ပေသည်။

၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ရေးရော်ဘင်ဆင်သည် ဝဲလ်တာ ဝိတ်တန်း ကိုယ်အလေးချိန်ထက် ပိုကြီးသော မစ်ဒယ်လ်ဝိတ်တန်းသို့ တက်ရောက်ကာ ကမ္ဘာ့မစ်ဒယ်လ်ဝိတ်ချန်ပီယံနှင့် သရဖူလုပွဲ ထိုးသတ်ခဲ့သည်။ ထိုစဉ်က မစ်ဒယ်လ်ဝိတ် တန်း ကမ္ဘာ့ချန်ပီယံမှာ ရေးရော်ဘင်ဆင်နှင့်ပြိုင်ဘက်ဟောင်း ဂျိတ်လာမော့တာပင် ဖြစ် သည်။ ရော်ဘင်ဆင်နှင့် လာမော့တာတို့ ဆဋ္ဌမအကြိမ် ဆုံတွေ့ထိုးသတ်ခြင်းဖြစ်ရာ ပရိသတ်ပြည့်လျှံအောင် လာကြည့်ကြသည်။

ကမ္ဘာ့မစ်ဒယ်လ်ဝိတ်တန်းချန်ပီယံ ဂျိတ်လာမော့တာနှင့် ကမ္ဘာ့ဝဲလ်တာဝိတ်တန်း ချန်ပီယံ ရှုးဂါးရေးရော်ဘင်ဆင်တို့ နှစ်ဦးစလုံးသည် ကမ္ဘာ့ချန်ပီယံများ ဖြစ်နေကြ၍ လည်း ကမ္ဘာတစ်ဝန်းမှ အာရုံစိုက် စိတ်ဝင်စားနေခဲ့ကြသည်။ ပွဲစသည့်အခါ လာမော့တာ သည် ပညာအတွေ့အကြုံ ကြွယ်ဝတိုးတက်နေ၍ ဘယ်ထောက်လက်သီးများ၊ ညာဝိုက် လက်သီးများကို မိမိရရ ပစ်သွင်းထားနိုင်သည်။ ရော်ဘင်ဆင်သည် ကိုယ်အလေးချိန် ပို၍ပေါ့သူဖြစ်၍ လျင်မြန်စွာ ရွေ့လျားထိုးသတ်နေခဲ့သည်။

ရော်ဘင်ဆင်သည် ငါးချီအထိ လျင်မြန်စွာ ရွေ့လျားကာ အရှောင်အတိမ်းများ ဖြင့် ထိုးသတ်ရင်း ညာဖြောင့်လက်သီးများပစ်သွင်းကာ အမှတ်ယူနေခဲ့သည်။ သတ္တမအချီ ကစ၍ ရော်ဘင်ဆင်လက်ရေမှာ သိသိသာသာကွာလာ၍ လာမော့တာ အလူးအလဲခံနေ ရသည်။ တစ်ချီတွင် ရော်ဘင်ဆင် ဘယ်ဝိုက်လက်သီးမိသွားပြီး ညာပင့်လက်သီးပါ ထပ်ဆင့်ထိသွား၍ လာမော့တာ အခြေပျက်သွားရသည်။

သရဖူလုပွဲဖြစ်၍ ၁၅ ချီ ထိုးသတ်ရသောပွဲဖြစ်ရာ ၁၀ ချီကစ၍ လာမော့တာ လက်သီးများ ထွက်မလာတော့ချေ။ လာမော့တာ ဘယ်လက်သီးများသည် ပျော့နေပြီး ထိုးအားလည်း မရှိတော့ချေ။ ၁၂ ချီတွင် ရော်ဘင်ဆင့်လက်သီးများ မိုးသီးမိုးပေါက်များ

mgyoe.com

ပမာ ထိနေခဲ့၍ ပွဲမှာ တစ်ဖက်သတ်ဖြစ်နေခဲ့သည်။ ၁၃ ချီတွင် ရော်ဘင်ဆင် ညာလက်သီးသည် လာမော့တာမေးရိုးကို မိမိရရထိသွား၍ ပွဲသိမ်းခဲ့သည်။

ကမ္ဘာ့ဝဲလ်တာဝိတ်တန်း လက်ဝှေ့သရဖူကို ရော်ဘင်ဆင်သည် အရှုံးပွဲမရှိဘဲ စွန့်လွှတ်လိုက်ကာ ကမ္ဘာ့မစ်ဒယ်လ်ဝိတ်တန်းချန်ပီယံ ဖြစ်လာခဲ့သည်။ ရော်ဘင်ဆင်သည် ပွဲပေါင်း ၉၀ ဆက်တိုက် အနိုင်ရခြင်းဖြစ်ရာ ကမ္ဘာ့လက်ဝှေ့လောက၌ ရှာမှရှားလှပေသည်။ ယခုပွဲအပါအဝင် ကြေးစားလက်ဝှေ့ပွဲပေါင်း ၁၃၁ ပွဲ ထိုးသတ်ခဲ့သူ ရော်ဘင်ဆင်သည် တစ်ပွဲသာ ရှုံးခဲ့ဖူးသည်။ ရေးရော်ဘင်ဆင်ကို ဥရောပမှ ပွဲတောင်းနေကြ၍ ဥရောပသို့ ခရီးထွက်ခဲ့သည်။

ဥရောပ မစ်ဒယ်လ်ဝိတ်တန်းချန်ပီယံ ရန်ဒီတာပင်နှင့် သရဖူလုပွဲထိုးသတ်ရန် အင်္ဂလိပ်တို့က စီစဉ်ခဲ့ကြသည်။ ချန်ပီယံ ရော်ဘင်ဆင်ကိုလည်း ငွေအောတိုက်ပေးကာ မက်လုံးပေးခဲ့သည်။ ယနေ့ခေတ် ဥရောပနှင့် အင်္ဂလန်တွင် လက်ဝှေ့ပွဲကြီးများကို ပွဲသွင်းနေသူ ဂျက်ဆော်လမွန်ပင် ယခုပွဲကို သွင်းခဲ့သည်။ ရော်ဘင်ဆင်ကို စတာလင်ပေါင် ၃၀,၀၀၀ (မြန်မာကျပ်ငွေ ၄၀၅,၀၀၀) ပေးခဲ့ရာ ထိုခေတ်က အများဆုံးနှုန်းထားတစ်ရပ်ပင်ဖြစ်သည်။

၁၉၅၁၊ ဇူလိုင် ၁၀ ရက်နေ့တွင် လန်ဒန်၌ ကမ္ဘာ့မစ်ဒယ်လ်ဝိတ် လက်ဝှေ့သရဖူလုပွဲအဖြစ် ချန်ပီယံ ရေးရော်ဘင်ဆင်နှင့် ရန်ဒီတာပင်တို့ ထိုးသတ်ခဲ့ရာ ပွဲမတိုင်မီက ရော်ဘင်ဆင် နိုင်မည့်ဘက်မှ ၄ လေး ၁ လေးဖြင့် လောင်းကြေးအသာရနေသည်။ တာပင်သည် လူမည်းတစ်ဦးဖြစ်ပြီး ဗြိတိသျှရေတပ်တွင် ထမင်းချက်အဖြစ် အမှုထမ်းခဲ့ပြီး လက်ဝှေ့လောကသို့ ဝင်လာခဲ့သူဖြစ်သည်။ ရော်ဘင်ဆင်သည် တာပင်ထက် အသက်ခုနစ်နှစ်ကြီးသည်။

ကမ္ဘာတစ်ဝန်းမှ လက်ဝှေ့ဝါသနာအိုးများသည် ကမ္ဘာ့ချန်ပီယံနှင့် ဥရောပချန်ပီယံတို့ ပွဲကြီးကို အထူးပင်စိတ်ဝင်စားနေကြသည်။ လန်ဒန်သို့ ဥရောပမှ လက်ဝှေ့ပရိသတ်များ လာကြည့်ကြ၍ ပရိသတ်ပြည့်လျှံခဲ့သည်။ ပွဲစသည်နှင့် တာပင်၏ ဘယ်လက်သီးများသည် အလွန်လျင်မြန်စွာ ပစ်သွင်းနေသည်။ ရော်ဘင်ဆင်သည် တာပင့်ဘယ်လက်သီးများကို ရှောင်တိမ်းကာ ခပ်အေးအေးထိုးသတ်နေသည်။ သူပင် အနိုင်ရမည်ဟုလည်း ယုံကြည်တွက်ဆထားသည်။

ပထမအချီ၌ တာပင် ပို၍ဖိထိုးနိုင်သည်။ ရော်ဘင်ဆင်နောက်ဘက်ကို ထိုးသဖြင့် စကော့တလန်ကြိုးဝိုင်း ဒိုင်လူကြီး ယူဂျင်းဟန်ဒါဆင်က တာပင်ကို သတိပေးခဲ့ရသေး

mgyoe.com

သည်။ ဒုတိယအချီစသည်နှင့် တာပင် တရကြမ်းဖိထိုးနေရာ ရော်ဘင်ဆင်သည် မကြာခဏ ဖက်ကာ ပူးကပ်ထိုးသတ်နေသည်။ ဒုတိယအချီ၌ နှစ်ဦးစလုံး သတိထားကာ ထိုးသတ်နေသည်။ သို့သော်လည်း တာပင် အမှတ်အသာရကာ အနိုင်ဖြင့် ဦးဆောင်နေသည်။

တတိယအချီ စသည်နှင့် ရော်ဘင်ဆင်သည် သူ့စိတ်ကြိုက် လှုပ်ရှား၊ ရွေ့လျားမှုများပြုလုပ်ကာ ဘယ်ဝိုက်၊ ညာပင့်လက်သီးများ ပစ်သွင်းနေသည်။ ရော်ဘင်ဆင် ဘယ်လက်သီးတစ်လုံးက တာပင့်ခေါင်းကို မိမိရရထိသွားရာ တာပင် လှုပ်ယမ်းခါထွက်သွားတော့သည်။ တာပင်သည် ကျားနာကြီးပမာ တရကြမ်း ဝင်ထိုးတော့သည်။ ဒိုင်က နှစ်ဦးစလုံးကို ချုပ်ဆွဲနေကြ၍ သတိပေးရသည်။

စတုတ္ထအချီတွင် တာပင်သည် အနာခံပြီး ပူးကပ်ထိုးနေရာ ရော်ဘင်ဆင် ခံနေရသည်။ ပဉ္စမအချီ၌လည်း တာပင်၏လက်သီးများက ပိုထိသည်။ ဆဋ္ဌမအချီမှာ ရော်ဘင်ဆင် အကောင်းဆုံးထိုးသတ်နိုင်ပြီး လက်ရေလည်း သာလွန်ခဲ့သည်။ ရော်ဘင်ဆင်သည် လျင်မြန်မှုအရှိန်ကိုတိုးမြှင့်ကာ ဘယ်ညာလက်သီး စုံပစ်သွင်းနေသည်။ ရော်ဘင်ဆင် ဘယ်ထောက်လက်သီးနှင့်အတူ ညာဝိုက်လက်သီးပါ ဆင့်ကဲပါလာ၍ တာပင့်မျက်နှာကို မိမိရရထိသွားသည်။

ရော်ဘင်ဆင် အနိုင်ရသောအချီပင်ဖြစ်သည်။ သတ္တမအချီနှင့် နဝမအချီများတွင် တာပင်က လိုက်ထိုးနေပြီး ရော်ဘင်ဆင်ကရှောင်ကာ၊ ခွာကာ ထိုးသတ်နေသည်။ တာပင် အနိုင်ရသောအချီများပင် ဖြစ်သည်။

၁၀ ချီနှင့် ၁၁ ချီတို့တွင် ရော်ဘင်ဆင် သွန်ထိုးနေသည်။ ဘယ်ဝိုက်လက်သီးများ မနားတမ်းပစ်သွင်းထား၍ တာပင်လည်း အထိနာခဲ့သည်။ ၁၂ ချီတွင် ရော်ဘင်ဆင် မောဟိုက်လာသည်။ အင်္ဂလိပ်ပရိသတ်ထုသည် သူတို့လူကပွလီကို တစ်ခဲနက်အော်ဟစ်အားပေးနေကြသည်။ ၁၃ ချီ၌ တာပင့်လက်သီးချက်ကြောင့် ရော်ဘင်ဆင် အခြေပျက်သွားရာ...

"ညာပင့်လက်သီးနဲ့ ထိုးချပါတော့လား၊ ဟော့... ရန်ဒေါ့(တာပင်) အလဲထိုးတော့ကွ၊ ထိုးချလိုက်တော့" ဆိုသည့် အင်္ဂလိပ်ပရိသတ်ထု အော်ဟစ်သံများ ညံနေတော့သည်။

၁၄ ချီနှင့် နောက်ဆုံး ၁၅ ချီတို့တွင် နှစ်ဦးစလုံး မောဟိုက်နေကြ၍ မကြာခဏဖက်နေကြသည်။ တာပင့်လက်သီးများ ပို၍ပစ်သွင်းနိုင်သည်။ ပွဲပြီးသွားရော အနိုင်အရှုံးမကြေညာမီ အင်္ဂလိပ်ပရိသတ်ထုသည် မရိုးမရွဖြစ်နေကြသည်။ သူတို့လူ တာပင် နိုင်မှ

mgyoe.com

နိုင်ပါမည်လားဟု တွေးနေကြသည်။ တစ်နေရာမှဆိုလျှင် "တာပင်... နိုင်တယ်ဟေ့" ဟု အော်ဟစ်နေကြသည်။

ဒိုင်လူကြီးများ အမှတ်ကိုရေတွက်ပြီးသည့်နောက် ကြိုးဝိုင်းဒိုင် ဟန်ဒါဆင်က ရန်ဒီတာပင်၏လက်ကိုမြှောက်ကာ အနိုင်ရကြောင်း ကြေညာလိုက်သည်။ ကမ္ဘာ့မစ်ဒယ်လ်ဝိတ် လက်ဝှေ့သရဖူကို အင်္ဂလန်မှ ဥရောပချန်ပီယံ ရန်ဒီတာပင်က ရယူသွားခဲ့လေပြီ။ ၁၅ ချီထိုးသတ်ရာ၌ တာပင် ရှစ်ချီအနိုင်ရသည်ဟု ကြေညာသည်။ နှစ်ပေါင်း ၆၀ အတွင်း ဗြိတိန်မှ ကမ္ဘာ့ချန်ပီယံသရဖူကို ပထမဦးစွာ ရယူဖူးခြင်းဖြစ်သည်။

အင်္ဂလိပ်တို့ ဝမ်းသာပျော်လွန်းကြ၍ ပွက်လောရိုက်အောင် အော်ဟစ်ဆူညံနေကြသည်။ ရော်ဘင်ဆင်တို့လူစုသည် ခပ်ကုပ်ကုပ်ဖြင့် အဝတ်လဲခန်းသို့ ထွက်လာခဲ့ကြသည်။ ကမ္ဘာကျော် ရှုံးဂါးရေးရော်ဘင်ဆင်လို လက်ဝှေ့ချန်ပီယံတစ်ဦးက ယခုကဲ့သို့ သရဖူစွန့်လွှတ်လိုက်ရသည်ကို အင်္ဂလိပ်သတင်းထောက်များက ထင်မြင်ချက်တောင်းခံရန် သတိမရနိုင်ခဲ့ကြချေ။ နောက်တစ်နေ့ကျမှသာ ရော်ဘင်ဆင်ထံ ရောက်လာကြရာ ရော်ဘင်ဆင်က သူ အနိုင်ရသည်ထင်ကြောင်းဖြင့် ထင်မြင်ချက်ပေး ပြောကြားခဲ့သည်။

ဗြိတိသျှလက်ဝှေ့ဘုတ်အဖွဲ့ ဆေးမှူးကြီး ဒေါက်တာနာဒီထဲလ်လိုက ပွဲအပြီးတွင် ရော်ဘင်ဆင်ကို စစ်ဆေးပြီးနောက် ရော်ဘင်ဆင့်အခြေအနေမှာ အနည်းဆုံး ခြောက်ပတ်၊ သို့မဟုတ် ခုနစ်ပတ် အနားယူနေရမည်ဟု ပြောကြားခဲ့သည်။ ရော်ဘင်ဆင်က သူသည် စိတ်မကျေပွဲ အလျင်အမြန်ထိုးသတ်မည်ဟု ကြေညာလိုက်သည်။ အမေရိကန်သို့ပြန်လာပြီးနောက် ရော်ဘင်ဆင်သည် တစ်ပတ်သာအနားယူကာ ပြန်လည်လေ့ကျင့်ခဲ့သည်။

ရော်ဘင်ဆင်အဖို့ ဒုတိယအကြိမ် ရှုံးဖူးခြင်းဖြစ်ပြီး ယခုအရှုံးမှာ သရဖူကိုပါ စွန့်လွှတ်ခဲ့ရခြင်းဖြစ်၍ အထူးကြိုးစားလေ့ကျင့်တော့သည်။ ဒုတိယအကြိမ် စိတ်မကျေပွဲကို နယူးယောက်တွင် စက်တင်ဘာလ ၁၂ ရက်နေ့၌ ပြုလုပ်ရန် စီစဉ်လိုက်သည်။ အင်္ဂလိပ်လက်ဝှေ့ပရိသတ်များသည် နယူးယောက်သို့လိုက်လာပြီး သူတို့ ချန်ပီယံ တာပင်၏ သရဖူ ကာကွယ်ပွဲကို ကြည့်ရှုခဲ့ကြသည်။

ပရိသတ်အများအပြား ကြည့်နိုင်စေရန် နယူးယောက် ပိုလိုကစားကွင်း၌ ပြုလုပ်ပေးခဲ့ရာ အနည်းဆုံးဂိတ်ဝင်ကြေးမှာ တစ်ဦးလျှင် ငါးဒေါ်လာဖြစ်ပြီး ဈေးအကြီးဆုံးမှာ တစ်ဦးလျှင် ဒေါ်လာ ၃၀ ဖြစ်သည်။ ထိုခေတ်က ယင်းဝင်ကြေးနှုန်းမှာ ဟဲဗီးဝိတ်တန်း လက်ဝှေ့ပွဲများနှုန်းပင်ဖြစ်သည်။ အင်္ဂလိပ်ဆရာဝန်ကြီးက ရော်ဘင်ဆင်ကို ၄၉ ရက်

mgyoe.com

အနားယူရမည်ဟု ပြောခဲ့သော်လည်း ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် စိတ်မကျေပွဲ ဆင်နွှဲခဲ့သောကြောင့် ဆရာဝန်ကြီး ထင်မြင်ချက် လွဲမှားနေခဲ့သည်။

နယူးယောက် ပိုလိုကစားကွင်းတွင် ပရိသတ်ပြည့်လျှံသွားသည်။ ပရိသတ် ၆၃,၆၃၀ ဦးလာကြည့်ပြီး ဝင်ငွေဒေါ်လာ ၇,၆၇၆,၇၃၀ ရ၍ ကမ္ဘာ့စံချိန်ဖြစ်သွားသည်။ အမေရိကန်ပရိသတ်သည် ရေးရော်ဘင်ဆင်ကဲ့သို့ပင် လက်ဝှေ့ကျော်တစ်ဦး အဘယ်ကြောင့် ရှုံးရသည်ကိုသိလိုကြ၍ အလုအယက်လာကြည့်ကြသည်။

ထို့ပြင် ရော်ဘင်ဆင်ကို အနိုင်ရသူမှာ အရည်အသွေးမြင့်မားမည်ဖြစ်ရာ ယခု စိတ်မကျေပွဲမှာ တကယ့်ပွဲကြီးပွဲကောင်း ဖြစ်လာမည်ဟုလည်း ယုံကြည်မျှော်လင့်ထားကြသည်။ ပွဲမထိုးသတ်မီကပင် ရော်ဘင်ဆင် နိုင်မည့်ဘက်မှ ၉ လေး ၅ လေးဖြင့် အသာရနေသည်။ ယခုပွဲသို့ ကမ္ဘာ့လက်ဝှေ့ချန်ပီယံများ၊ ချန်ပီယံဟောင်းများပါ လာကြည့်ကြသည်။

ကြိုးဝိုင်းနှင့်အနီးဆုံး ရှေ့တန်းနေရာများ၌ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဂျိုးဝါးလ်ကော့၊ ချန်ပီယံဟောင်း ဂျိုးလူးဝီး၊ ထိပ်တန်းစိန်ခေါ်သူ ရော်ကီမာဆီယာနို၊ ကမ္ဘာ့လိုက် ဟဲဗီးဝိတ်ချန်ပီယံ ဂျိုအီမက်ဆင်း စသည့် ထိပ်သီးလက်ဝှေ့ကျော်များ ထိုင်နေကြသည်။ ပွဲမစမီ ဂျိုးလူးဝီးထံမှ ထင်မြင်ချက် တောင်းခံခဲ့ကြရာ...

"ရေးရော်ဘင်ဆင်ဟာ လက်ဝှေ့စွမ်းရည်ထက်မြက်တဲ့ လက်ဝှေ့ကျော်တစ်ဦးပါ။ ကျွန်တော့်ထက်သာတဲ့ ထိုးကွက်တွေ၊ သတ်လုံးသတ်ပေါက်တွေရှိပါတယ်။ သူ့ကိုနိုင်ဖို့ဆိုတာ မလွယ်လှပါဘူး" ဟု ဝေဖန်ပြောကြားခဲ့သည်။ ယခုပွဲထိုးသတ်ချိန် ရော်ဘင်ဆင် အသက်မှာ ၃၁ နှစ်ရှိနေပြီဖြစ်သည်။

ပွဲစသည့်အခါ တာပင်ကို ကမ္ဘာ့ချန်ပီယံအဖြစ် ကြေညာပြီး ရော်ဘင်ဆင်ကို စိန်ခေါ်သူအဖြစ် ကြေညာခဲ့သည်။ ကြိုးဝိုင်းပေါ်ဝယ် ရော်ဘင်ဆင်သည် ခပ်ပြုံးပြုံးဖြင့် ရပ်နေသည်။ တာပင်မှာမူ မတုန်မလှုပ်ဘဲ ကျောက်ရုပ်အလား ရပ်တည်နေတော့သည်။

ပွဲစသည်နှင့် တာပင်သည် အကွက်စောင့်ကာ ထိုးနေသည်။ ရော်ဘင်ဆင်သည် ကွေ့ကာ၊ ပတ်ကာ လှုပ်ရှားရင်း ဘယ်လက်သီးများ ပစ်သွင်းနေသည်။ ပထမအချီအစ၌ နှစ်ဦးစလုံး အခြေအနေကို အကဲခတ်နေသည်။ သို့သော် ပထမအချီတစ်ဝက်ကစ၍ တာပင် ခပ်ကြမ်းကြမ်းဝင်ထိုးခဲ့သည်။ ဒုတိယအချီ၌လည်း တာပင် သွန်ထိုးနေရာ ရော်ဘင်ဆင် ရှောင်တိမ်းထိုးသတ်ရင်း သူ၏လျင်မြန်မှုဖြင့် တုံ့ပြန်နေသည်။ ပထမနှင့် ဒုတိယ အချီများ၌ တာပင် အနိုင်ရနေသည်။

mgyoe.com

တတိယအချီ စသည်နှင့် ရော်ဘင်ဆင် ဘယ်ညာတွဲလက်သီးများ လျင်မြန်စွာ ဝင်လာခဲ့သည်။ တာပင်သည် ရှောင်ရင်းတိမ်းရင်း ရော်ဘင်ဆင့်လက်သီးများနှင့် တိုးနေတော့သည်။ ညာဝိုက်လက်သီးတစ်လုံး မိမိရရထိသွား၍ တာပင်ယိုင်သွားခဲ့ရသေးသည်။ ရော်ဘင်ဆင် ပြတ်သားစွာနိုင်သည့်အချီပင် ဖြစ်သည်။

စတုတ္ထအချီ၌လည်း ရော်ဘင်ဆင်ပင် လျင်မြန်စွာ လက်သီးများ ပစ်သွင်းနေသည်။ တာပင်လည်း တရကြမ်းတိုးဝင်ကာ ပူးကပ်ထိုးသတ်လေသည်။ ပဉ္စမအချီအစ၌ တာပင် အတင်းဝင်ထိုးသတ်နေသော်လည်း ရော်ဘင်ဆင်လက်သီးများက ပို၍ထိနေသည်။ ယခုနှစ်ချီကို သရေဟု သတ်မှတ်ခဲ့ကြသည်။

ဆဋ္ဌမအချီတွင် ရော်ဘင်ဆင့်လက်သီးများသည် မိုးသီးမိုးပေါက်ပမာကျနေတော့သည်။ တာပင်သည် ကာကွယ်ခုခံရင်း ထိုးသတ်နေရသည်။ ရော်ဘင်ဆင် အနိုင်ရသောအချီ ဖြစ်သည်။ သတ္တမအချီ၌ အကြိတ်အနယ်ထိုးသတ်ရသော်လည်း တာပင့်လက်သီးများက ပိုထိ၍ အင်္ဂလိပ်ပရိသတ်ထံမှ ဩဘာသံများ ညံနေခဲ့သည်။

အဋ္ဌမအချီ၌ ရော်ဘင်ဆင် ဘယ်ဝိုက်၊ ညာဝိုက်၊ ညာဖြတ်လက်သီးများဒဏ်ကို တာပင် ခံနေရသည်။ တာပင်ကား နောက်မဆုတ်တမ်း လိုက်ထိုးနေခဲ့သည်။ ရော်ဘင်ဆင် နိုင်သည့်အချီပင်ဖြစ်သည်။ နဝမအချီ၌ ရော်ဘင်ဆင် လျင်မြန်စွာထိုးသတ်နေသော်လည်း တာပင် ဖိထိုးနေ၍ တာပင်ကို အနိုင်ပေးကြသည်။

၁၀ ချီတွင် ရော်ဘင်ဆင်သည် ရှောင်မထိုးဘဲ ပူးကပ်ဝင်ထိုးလာရာ တာပင်ထိုးကွက်များ မှားလာခဲ့သည်။ နှစ်ဦးသား ပူးထိုးနေရာမှခွာလိုက်စဉ် ရော်ဘင်ဆင် ညာဝိုက်လက်သီးထိသွား၍ တာပင် လဲကျသွားရာ ကြိုးဝိုင်းဒိုင် ရူဘီဂိုးလ်စတိန်းက တာပင်ဆက်လက်ထိုးသတ်နိုင်သည့်အခြေအနေ မရှိတော့ဆိုကာ ဒိုင်ပွဲရပ်ဖြင့် ရော်ဘင်ဆင်ကို အနိုင်ပေးလိုက်တော့သည်။

ဒိုင်ပွဲရပ်သည့် ၁၀ ချီအထိ ရော်ဘင်ဆင် လေးချီအနိုင်ရနေကာ နှစ်ချီ သရေဖြစ်နေပြီး တာပင် လေးချီအနိုင်ရခဲ့သည်။ သို့သော် ရော်ဘင်ဆင် နိုင်သော လေးချီ၌ အမှတ်အပြတ်အနိုင်ရထားသည်။ အင်္ဂလန်မှ ပွဲသွင်းသူ ဂျက်ဆော်လမွန်က "ဒိုင်ပွဲရပ်ပစ်ခြင်းသည် အလွန်မှားယွင်းသည်" ဟု ဝေဖန်ပြောကြားသည်။


သရဖူကိုစွန့်လိုက်ရသူ တာပင်ကလည်း "ရော်ဘင်ဆင်ကွဲကာ မောဟိုက်လာနေပြီဖြစ်သည်။ လဲသွားသော်လည်း တစ်စုံတစ်ရာမဖြစ်ဘဲ ဆက်ထိုးနိုင်ပါသေးသည်" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ရှုံးဂါးရေးရော်ဘင်ဆင်သည် စွန့်လွှတ်ခဲ့ရသော မစ်ဒယ်လ်

mgyee.com

ဝိတ်ချန်ပီယံသရဖူကို လပိုင်းအတွင်း ပြန်လည်ရအောင် ယူနိုင်ခဲ့လေသည်။

၁၉၅၂ ခုနှစ်တွင် ရော်ဘင်ဆင်သည် သရဖူကာကွယ်ပွဲနှစ်ပွဲကို ထိုးသတ်ခဲ့သည်။ ဘိုဘိုအော်လ်ဆင်နှင့် ထိုးသတ်ရာ အမှတ်ဖြင့် အပြတ်အနိုင်ရခဲ့သည်။ ဤပွဲများအတွင်း အော်လ်ဆင်၏ ထိုးသတ်ပုံကို ပရိသတ် အထူးသဘောကျခဲ့ကြသည်။ ၁၉၄၇ ခုနှစ်က မစ်ဒယ်လ် ဝိတ်ချန်ပီယံဖြစ်ခဲ့သူ ရော်ကီဂရာဆီယာနိုနှင့် သရဖူကာကွယ်ပွဲ ဆက်ထိုးခဲ့ပြန်သည်။

ရော်ကီဂရာဆီယာနိုသည် သူ့ခေတ်က လူကြမ်း လက်ဝှေ့သမားတစ်ဦးပင် ဖြစ်သည်။ ရော်ဘင်ဆင်ထက်လည်း အသက်နှစ်နှစ် ငယ်သူဖြစ်သည်။ ရော်ဘင်ဆင်ထက် တစ်နှစ်နောက်ကျ၍ ချန်ပီယံသရဖူကို ရယူခဲ့သူဖြစ်သည်။ သို့ဖြစ်၍လည်း ချန်ပီယံ ရော်ဘင်ဆင်နှင့် ချန်ပီယံဟောင်း ဂရာဆီယာနိုတို့ပွဲကို ပရိသတ် အထူးပင် စိတ်ဝင်စားခဲ့ကြသည်။ သို့သော် လက်ရည်စွမ်းထက်နေသူ ရော်ဘင်ဆင်သည် ဂရာဆီယာနိုကို



၁၉၅၂ မှာ ဘိုဘိုအော်လ်ဆင်ကို အပြတ်နိုင်ခဲ့သူ ရှူးဂါးရော်ဘင်ဆင်(ဝဲ)

mgyoe.com

တတိယအချီ၌ပင် အလဲထိုးအနိုင်ရလိုက်သည်။

ရော်ဘင်ဆင်သည် မစ်ဒယ်လ်ဝိတ်တန်းမှတစ်ဆင့် လိုက်ဟဲဗီးဝိတ်တန်း သရဖူကို ရယူရန် ဆန္ဒရှိနေခဲ့သည်။ ကိုယ်အလေးချိန်တိုးရန် ပြင်ဆင်ဖန်တီးရာ လေ့ကျင့်မှုအပိုင်း၌ သက်လုံပြည့်ဝအောင် ပြင်းပြင်းထန်ထန် လေ့ကျင့်နိုင်ခြင်း မရှိတော့ချေ။ ထိုစဉ်က လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံမှာ ဂျိုအီမက်ဆင်းဖြစ်သည်။ ဂျိုးလူးဝီးကလည်း ရော်ဘင်ဆင်ကို အားပေးခဲ့သည်။ ပြင်းပြင်းထန်ထန်လေ့ကျင့်ပါက ကိုယ်အလေးချိန် တက်လာမည်မဟုတ်၍ ရော်ဘင်ဆင်သည် လေ့ကျင့်မှုကို သာမန်သာ ပြုလုပ်နိုင်ခဲ့တော့သည်။

၁၉၅၂၊ ဇွန် ၂၅ ရက်နေ့တွင် ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့သရဖူလုပွဲကို နယူးယောက်ယန်ကီးကစားကွင်း၌ ပြုလုပ်ခဲ့သည်။ ချန်ပီယံ မက်ဆင်းနှင့် စိန်ခေါ်သူ မစ်ဒယ်လ်ဝိတ်ချန်ပီယံ ရော်ဘင်ဆင်တို့ပွဲကို လက်ဝှေ့ကမ္ဘာက အလွန်ပင် စိတ်ဝင်စားခဲ့ကြသည်။ ရော်ဘင်ဆင်သာ လိုက်ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာလျှင် ဟဲဗီးဝိတ်သရဖူကို ရယူနိုင်အောင် ကြိုးပမ်းလိမ့်မည်ဟု ရေးသားခဲ့ကြသည်။

ပရိသတ်စိတ်ဝင်စားသော ပွဲကြီးပွဲကောင်းဖြစ်၍ ယန်ကီးကစားကွင်းတွင် ပရိသတ်ပြည့်လျှံသွား၏။ ရေးရော်ဘင်ဆင်ကား ပရိသတ်ကို ဆွဲဆောင်နိုင်မှုအရှိဆုံး လက်ဝှေ့ချန်ပီယံတစ်ဦးပင်ဖြစ်သည်။ ကစားကွင်းလေဟာပြင်တွင် ထိုးသတ်ရသည့်ပြင် ထိုနေ့က အပူရှိန်မှာ ၁၀၀ ဒီဂရီကျော်နေ၍ အလွန်ပင် ပူပြင်းလှသည်။ ယင်းအပူရှိန်ဒဏ်ကို ရော်ဘင်ဆင် လှလှကြီးခံသွားခဲ့ရသည်။ လက်ဝှေ့ပညာ၊ သတ်လုံးသတ်ပေါက်ကအစ ရော်ဘင်ဆင် သာလွန်ခဲ့သည်ဟု လက်ဝှေ့ပါရဂူများက ဝန်ခံခဲ့ကြရသည်။

လက်ဝှေ့ပွဲ စသည်နှင့် ရော်ဘင်ဆင်သည် သူ့ဟန်အတိုင်းခွာကာ လျင်မြန်စွာရွေ့လျားထိုးသတ်နည်းဖြင့် ထိုးသတ်နေခဲ့သည်။ သို့သော် ပူးကပ်ကိုးနည်းများပါ သုံးစွဲခဲ့သည်။ ရော်ဘင်ဆင် ညာလက်သီးများ မိမိရရ ပစ်သွင်းနိုင်ခဲ့သည်။ မက်ဆင်း ဘယ်ထောက်လက်သီးများနှင့် ဘယ်ဝိုက်လက်သီးများ ပစ်သွင်းနိုင်သော်လည်း ရော်ဘင်ဆင်ကို မိမိရရ မထိခဲ့ချေ။

ပွဲစောစောသိမ်းနိုင်ရန် ရော်ဘင်ဆင်သည် စတုတ္ထအချီကစ၍ သွန်ကာဖိထိုးနေသည်။ ပွဲအခြေအနေမှာလည်း ရော်ဘင်ဆင် အလဲထိုး အနိုင်ရလိမ့်မည်ဆိုသော အနေအထားဖြစ်လာသည်။ ဆဋ္ဌမအချီ၌ ရော်ဘင်ဆင့်လက်သီးများဒဏ်ကို မက်ဆင်း အလူးအလဲခံနေရသည်။ ရော်ဘင်ဆင်သည် အနာခံပြီး ပူးကပ်ထိုးသတ်နေသည်။ နှစ်ဦးစလုံး မျက်လုံးများ ဖူးရောင်လာလေသည်။

mgyoe.com

၁၀ ချီကျော်သည့်အခါ ရော်ဘင်ဆင် ပို၍သွန်ထိုးလာသည်။ ၁၅ ချီပြည့် ထိုးသတ်နိုင်သော သက်လုံနှင့်ခွန်အား သူ့တွင်ရှိပါမည်လောဟု ပွဲကြည့်ပရိသတ်က တွေးထင်လောက်အောင် တရကြမ်း ဖိထိုးနေခဲ့သည်။ မက်ဆင်းသည် ရှောင်တိမ်းရင်း ခုခံကာကွယ်နေခဲ့ရသည်။ ၁၂ ချီကစ၍ ရော်ဘင်ဆင့်လက် သိသိသာသာကျလာလေသည်။ လေးလံနှေးကွေးလာပြီး လက်သီးများ အားပျော့ကာ မိမိရရမရှိတော့ချေ။ ၁၃ ချီတွင် ရော်ဘင်ဆင် အားကုန်ထိုးသတ်လိုက်ရာ အမောပင်ဆို့လာခဲ့သည်။ ၁၃ ချီပြီးသည့်အခါ ရော်ဘင်ဆင့်မျက်လုံးများသည် မည်သည်ကိုမျှ မမြင်ရတော့။ လည်ချောင်းထဲတွင်လည်း တစ်ဆို့နေခဲ့သည်။

၁၄ ချီစတင်ရန် အချက်ပေးခေါင်းလောင်း တီးသည့်အခါ ရေးရော်ဘင်ဆင်သည် သူ့နေရာ(ထောင့်)မှ ထမလာနိုင်တော့ချေ။ ရော်ဘင်ဆင်သည် မောဟိုက်ပြီး အားကုန်ခန်းကာ သတိပင် ကောင်းစွာမရတော့ချေ။ နေပူရှိန်ဒဏ်ကြောင့် သူ့သက်လုံ ကုန်ခန်းသွားပြီဖြစ်သည်။ လိုက်ဟဲဗီးဝိတ်ချန်ပီယံ ဂျိုအီမက်ဆင်းသည် ရေးရော်ဘင်ဆင်ကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရလိုက်သည်။

တရားဝင် အနိုင်ရသည်ဟု ကြေညာခံရသူကား ချန်ပီယံ ဂျိုအီမက်ဆင်း။ သို့သော် ၁၃ ချီပြီးဆုံးချိန်အထိ ဒိုင်လူကြီးများ၏ တရားဝင်အမှတ်စာရင်း၌ အနိုင်ရနေသူမှာကား ရေးရော်ဘင်ဆင်သာ ဖြစ်သည်။ ပွဲရပ်လိုက်ရသဖြင့် ရော်ဘင်ဆင် ရှုံးနိမ့်ခဲ့ရလေတော့သည်။

ရေးရော်ဘင်ဆင် လက်ဝှေ့သက်တမ်းတွင် ယခုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မကြုံဖူး၊ မဖြစ်ဖူးခဲ့ချေ။ လိုက်ဟဲဗီးဝိတ် သရဖူကို မရလိုက်သော်ငြားလည်း မစ်ဒယ်လ်ဝိတ်တန်းချန်ပီယံသရဖူကိုမူ သိမ်းထားနိုင်ဆဲဖြစ်သည်။ လိုက်ဟဲဗီးဝိတ်သရဖူလုပွဲ၌ ရှုံးနိမ့်ရချက်ကြောင့် ရော်ဘင်ဆင်သည် စိတ်ပျက်ကာ လက်ဝှေ့လောကမှ အနားယူရန် ဆုံးဖြတ်လိုက်လေသည်။

မစ်ဆင်းနှင့် မထိုးသတ်မီတစ်ညက ရော်ဘင်ဆင်သည် ယင်းပွဲ ထိုးသတ်၍ သူသေဆုံးခဲ့ရသည်ဟု အိပ်မက် မြင်မက်ခဲ့ရသည်။ ရော်ဘင်ဆင်က သူ့အိပ်မက်များသည် အစဉ်အမြဲ မှန်တတ်၊ နိမိတ်ဖတ်တတ်သည်ဟု ထုတ်ဖော်ပြောခဲ့သည်။ ဝဲလ်တာဝိတ်တန်းချန်ပီယံဖြစ်ခါစ၊ ပထမသရဖူကာကွယ်ပွဲအဖြစ် ဂျင်မီဒွိုင်းလ်နှင့် ထိုးသတ်ရန် စီစဉ်ထားရာ မထိုးမီညက သူ့လက်သီးကြောင့် ဂျင်မီ အလဲထိုးခံရပြီး သေဆုံးခဲ့ရသည်ဟု အိပ်မက်မြင်မက်ခဲ့သည်။

mgyoe.com

သို့ဖြစ်၍လည်း နောက်တစ်နေ့ပွဲ ထိုးသတ်မည့်အစီအစဉ်ကို ပယ်ဖျက်ပေးရန် ရော်ဘင်ဆင်က တောင်းဆိုခဲ့ရာ အားလုံးက အိပ်မက်သာဖြစ်ပါသည်ဟု ဝိုင်းဝန်းဖျောင်းဖျ ခဲ့ကြသည်သာမက ဘုန်းကြီးများကိုပါခေါ်ကာ တရားဓမ္မများ ဟောပြောခဲ့ကြသည်။ ပွဲထိုးသတ်သည့်အခါ ဂျင်မီကို အလဲထိုးအနိုင်ရသည့်ပြင် ဂျင်မီလည်း သေဆုံးခဲ့ရသည်။ ရော်ဘင်ဆင်သည် ယင်းဖြစ်ရပ်ကြောင့် စိတ်ထိခိုက်ကာ ရှစ်လာကြာ လက်ဝှေ့မထိုးသတ်ဘဲ နေခဲ့သည်။ ယခုလည်း သူ့အိပ်မက်အတိုင်း သူရှုံးခဲ့ရရာ စိတ်ပျက်ပြီး လက်ဝှေ့လောကမှ ထွက်ရန် ဆုံးဖြတ်ခဲ့လေသည်။

ရေးရော်ဘင်ဆင်သည် မစ်ဒယ်လ်ဝိတ်ချန်ပီယံသရဖူကိုပါ စွန့်လွှတ်ကာ ၁၉၅၂ ခုနှစ်က အနားယူသွားခဲ့သည်။ ရေးရော်ဘင်ဆင်သည် လက်ဝှေ့စွမ်းရည်ထက်သကဲ့သို့ သီချင်းဆိုပါ ကောင်းသူဖြစ်၍ ညကပွဲရုံများ၌ သီချင်းဆိုခြင်း၊ စီးပွားရေးပြပွဲများ၌ ဟောပြောသူအဖြစ် လုပ်ကိုင်ရင်း နေထိုင်ခဲ့သည်။

ရော်ဘင်ဆင်သည် လက်ဝှေ့ထိုးသတ်ရခြင်းကို စိတ်ကုန်ခန်းသွားသဖြင့် လက်ဝှေ့ပွဲများကိုပင် မကြည့်တော့ချေ။ မစ်ဒယ်လ်ဝိတ်တန်း၌ ချန်ပီယံမရှိတော့၍ သရဖူလစ်လပ်နေရာ ရော်ဘင်ဆင်ကို ရှုံးခဲ့သူ ဘိုဘိုအော်လ်ဆင်သည် ပက်ဒီယန်းနှင့် ၁၉၅၃ ခုနှစ်၊ ဇွန် ၁၉ ရက်နေ့က အမေရိကန်ဗိုလ်နေရာလုပွဲ နွှဲခဲ့သည်။

ကားလ်(ဘိုဘို) အော်လ်ဆင်သည် ၁၅ ချီထိုးသတ်ပြီး ယန်းကို အမှတ်ဖြင့် အနိုင်ရခဲ့၍ အမေရိကန်ဗိုလ် ဖြစ်လာခဲ့သည်။ သို့သော် ကမ္ဘာချန်ပီယံသရဖူအတွက် ဥရောပချန်ပီယံနှင့် တစ်ခါက ရော်ဘင်ဆင်ကို အနိုင်ယူကာ လပိုင်းကြာ ကမ္ဘာချန်ပီယံဖြစ်ခဲ့သူ ရန်ဒီတာပင်နှင့် ယင်းနှစ် အောက်တိုဘာ ၂၁ ရက်တွင် နယူးယောက်၌ ထိုးသတ်ရန် စီစဉ်လိုက်သည်။

အော်လ်ဆင်သည် အဆုံးအဖြတ် သရဖူလုပွဲတွင် တာပင်ကို အကြိမ်ပေါင်းများစွာ အလဲထိုးကာ အလဲပွဲဖြင့်အနိုင်ရ၍ ကမ္ဘာ့မစ်ဒယ်လ်ဝိတ်ချန်ပီယံ ဖြစ်လာခဲ့သည်။ လက်ဝှေ့လောကမှ ရေးရော်ဘင်ဆင် ပျောက်ကွယ်နေသော်လည်း ပရိသတ်ကမူ သူ့အမည်ကို မမေ့နိုင်ကြချေ။ လက်ဝှေ့ထိုးသတ်ခြင်းကို ခုံမင်လှသူ ရော်ဘင်ဆင်သည် နှစ်နှစ်ခွဲကြာ ကြိုးဝိုင်းနှင့် ကင်းကွာနေခဲ့ပြီးနောက် လက်ဝှေ့လောကသို့ တစ်ပတ်ပြန်ကျော့ဝင်လာရန် ဆန္ဒဖြစ်ပေါ်လာခဲ့သည်။

လက်ဝှေ့လောကသို့ တစ်ပတ်ပြန်ကျော့ဝင်လာရန် ကြံစည်ချိန်၌ ရေးရော်ဘင်ဆင်အသက်မှာ ၃၅ နှစ်ရှိနေပြီဖြစ်သည်။ ၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလတွင် ရေးရော်ဘင်

ဆင် လက်ဝှေ့ပြန်ထိုးသတ်မည်ဆိုသောသတင်းသည် လက်ဝှေ့ကမ္ဘာ၌ လူတိုင်း စိတ်ဝင်စားသော သတင်းတစ်ပုဒ်ဖြစ်လာခဲ့သည်။ လက်ဝှေ့ပရိသတ်ထုသည် ရော်ဘင်ဆင်ကို ပြန်လည်တွေ့မြင်လိုကြသည်။

လက်ရှိတက်လာသော ချန်ပီယံ အော်လ်ဆင်နှင့် ချန်ပီယံဟောင်း ရော်ဘင်ဆင်ပွဲကို ကြည့်လိုကြသည်။ အော်လ်ဆင်ကို ရော်ဘင်ဆင် နှစ်ကြိမ်အနိုင်ရခဲ့စဉ်က အော်လ်ဆင် နုသေး၍ ရှုံးခဲ့ရခြင်းဖြစ်သည်ဟု ထင်မြင်ခဲ့ကြသည်။ ၁၉၅၅ ခုနှစ်၊ ဇန်နဝါရီလတွင် ကြိုးဝိုင်းပေါ်သို့ ရေးရော်ဘင်ဆင် တစ်ပတ်ပြန်ကျော့တက်ရောက်လာခဲ့လေသည်။

ရော်ဘင်ဆင်သည် မစ်ဒယ်လ်ဝိတ်တန်းမှ စိန်ခေါ်သူစာရင်းဝင် ရပ်(တိုက်ဂါး)ဂျုံးစ်နှင့် ၁၀ ချီထိုးသတ်ခဲ့ရာ အမှတ်ဖြင့် ရှုံးနိမ့်သွား၍ ရော်ဘင်ဆင် လက်ဝှေ့စွမ်းရည်မရှိတော့ဟု အများက ထင်မြင်ခဲ့ကြသည်။

လက်ဝှေ့ဝေဖန်သူများကလည်း ရေးရော်ဘင်ဆင် ခေတ်ကုန်ပြီဟု ဝေဖန်ရေးသားခဲ့ကြသည်။ သို့သော် ရော်ဘင်ဆင်သည် သူ့ပုံမှန်စွမ်းရည်ပြန်ရအောင် ကြိုးပမ်းလေ့ကျင့်နေခဲ့သည်။ ၁၉၅၅ ခုနှစ်မှာပင် စိန်ခေါ်သူစာရင်းဝင် ရော်ကီကတ်စ်စတယ်လာနီနှင့် ထိုးသတ်ရာ အမှတ်ဖြင့်အနိုင်ရ၍ ရော်ဘင်ဆင် ပြန်လာပြီဟု ပြောနိုင်သော်လည်း အရာတော့ မထင်သေးချေ။

ရေးရော်ဘင်ဆင်သည် သေချာစွာ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ပြီးသည့်နောက် ချန်ပီယံ ဘိုဘိုအော်လ်ဆင်ကို စိန်ခေါ်လေတော့သည်။ ၁၉၅၅၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ချန်ပီယံ အော်လ်ဆင်နှင့် ရော်ဘင်ဆင်တို့ ယှဉ်ပြိုင်ထိုးသတ် သရုဖူလုရန် စီစဉ်လိုက်သည်။ သူတို့နှစ်ဦး တတိယအကြိမ် ဆုံတွေ့ပွဲကို ယခင်နှစ်ကြိမ်ကထက် ပရိသတ်ပို၍စိတ်ဝင်စားခဲ့သည်။ ရော်ဘင်ဆင်နှင့်မထိုးသတ်မီ အော်လ်ဆင်သည် ရော်ဘင်ဆင် ရှုံးထားသူ ဂျုံးစ်ကို အနိုင်ရပြီးနောက် လိုက်ဟဲဗီးဝိတ်ချန်ပီယံဟောင်း ဂျိုအီမက်ဆင်းကိုပါ အနိုင်ရထားခဲ့လေသည်။

သို့ဖြစ်၍လည်း ရော်ဘင်ဆင်သည် ယခုအကြိမ်၌ အော်လ်ဆင်ကို အနိုင်ရရန် မလွယ်တော့ဟု လက်ဝှေ့လောကမှ ထင်မြင်ချက် ပေးထားကြသည်။ ပရိသတ်အပြည့် လာရောက်ကြည့်ရှုကြ၍လည်း ရော်ဘင်ဆင် အားတက်ခဲ့ရသည်။ ပွဲစသည်နှင့် အော်လ်ဆင်လက်သီးများက တရကြမ်းဝင်လာသည်။ ရော်ဘင်ဆင်သည် ပရိသတ် အံ့သြလောက်အောင် လျင်မြန်စွာရှောင်တိမ်းရင်း ဘယ်ဝိုက်၊ ညာဝိုက် လက်သီးများဖြင့် တုံ့ပြန်ထိုးသတ်ခဲ့လေသည်။

mgyoe.com

ဒုတိယအချီ စသည်နှင့် ရော်ဘင်ဆင့်လက်သီးများ ဝုန်းဝုန်းဒိုင်းဒိုင်း ပစ်သွင်းလိုက်ရာ အတင်းတိုးဝင်လာသူ အော်လ်ဆင်အဖို့ အခြေမလှဖြစ်သွားရသည်။ ရော်ဘင်ဆင့်ဘယ်ဝိုက်လက်သီးကြောင့် အော်လ်ဆင် ယိုင်သွားစဉ် ညာဖြတ်လက်သီးက မေးရိုးကို မိမိရရထိသွား၍ ရော်ဘင်ဆင် အလဲပွဲဖြင့် အနိုင်ရလေတော့သည်။

ကမ္ဘာ့မစ်ဒယ်လ်ဝိတ် လက်ဝှေ့ချန်ပီယံ သရဖူကို ရှုဂါးရေးရော်ဘင်ဆင် တစ်ပတ်ပြန်ကျော့ကာ ရယူနိုင်ခဲ့လေပြီ။ လက်ဝှေ့လောကသို့ ရော်ဘင်ဆင်သည် အောင်ပွဲခရီးဖြင့် ပြန်လာနိုင်ခဲ့ပြီဖြစ်သည်။

ကြေးစားလက်ဝှေ့ကမ္ဘာတွင် ရေးရော်ဘင်ဆင်ဆိုသည့်အမည်မှာ ပြန်လည်ရှင်သန်တောက်ပလာတော့သည်။ ရော်ဘင်ဆင်လို လက်ဝှေ့သမား မပေါ်ထွက်သေးဟုလည်း ဝိုင်းဝန်းချီးကျူးကြလေသည်။ မှန်ပါသည်။ သူ့လိုလက်ဝှေ့သမားမျိုး၊ သူ့လို ဇွဲသတ္တိအားမာန် ပြည့်ဝသူ၊ သူ့လိုကြိုးစားသူကား မရှိသေးပါချေ။ အသက် ၃၅ နှစ်အရွယ်ကျမှ ချန်ပီယံသရဖူကို ပြန်လည်ရယူနိုင်ခဲ့သူပင်မဟုတ်ပါလော။

၁၉၅၆ ခုနှစ်၊ မေ ၁၈ ရက်နေ့တွင် ချန်ပီယံ ရေးရော်ဘင်ဆင်သည် သရဖူကာကွယ်ပွဲအဖြစ် ဘိုဘိုအော်လ်ဆင်နှင့် ပထမယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ အော်လ်ဆင်သည် သေချာစွာ ပြင်ဆင်လေ့ကျင့်ပြီးမှ ယခုပွဲနွှဲခြင်းဖြစ်၍ သရဖူပြန်လည်ရယူနိုင်လိမ့်မည်ဟု လက်ဝှေ့ချန်ပီယံကြီးများက ထင်မြင်ချက်ပေးကာ မှတ်ချက်ချခဲ့ကြသည်။

သို့သော် ပွဲထိုးသတ်သည့်အခါ ငယ်လက်ပေါ်နေသော ရော်ဘင်ဆင်က ပွဲစသည်နှင့် လက်သီးများ မနားတမ်း ပစ်သွင်းကာ စတုတ္ထအချီတွင် အလဲထိုး အနိုင်ယူလိုက်လေသည်။ ရေးရော်ဘင်ဆင်အမည်သည် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ရော်ကီမာဆီယာနိုထက်ပင် ကျော်ကြားနေခဲ့တော့သည်။

၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ချန်ပီယံ ရေးရော်ဘင်ဆင်သည် သရဖူကာကွယ်ပွဲအဖြစ် တက်လူငယ်နံပါတ်(၁) စိန်ခေါ်သူ လူဖြူကလေး ဂျိန်းဖူးလ်မားနှင့် နယူးယောက်၌ ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်လိုက်သည်။ ဖူးလ်မားသည် အသက် ၂၈ နှစ်ခန့်သာရှိသေး၍ ရော်ဘင်ဆင်ထက် ကိုးနှစ်ကျော် ငယ်သူဖြစ်သည်။ မစ်ဒယ်လ်ဝိတ်တန်းမှ နာမည်ကြီးလက်ဝှေ့သမားများကို အနိုင်ထိုးသတ်ခဲ့သူ ဖူးလ်မားအမည်လက်ဝှေ့လောက၌ ကျော်ကြားစပြုနေချိန်လည်းဖြစ်သည်။

လူဖြူကလေး ဖူးလ်မားကို အမေရိကန်လူဖြူ အသိုင်းအဝိုင်းက အထူးမျှော်လင့်အားပေးနေချိန်ဖြစ်၍လည်း ယခုပွဲကြီးသို့ ပရိသတ်ပြည့်လျှံအောင် လာကြည့်ခဲ့ကြသည်။

mgoe.com

ရုပ်မြင်သံကြားမှလည်း ဥရောပနိုင်ငံများသို့ပင် ထုတ်လွှင့်ပြသခဲ့ရသည်။ ယခုပွဲကြီးကား တကယ့်လက်ဝှေ့ပွဲကြီးအဖြစ် မှတ်တမ်းတင်ခံခဲ့ရပေသည်။ နှစ်ဦးစလုံး အားသွန်ကာ အနာခံပြီးထိုးသတ်ခဲ့ကြသည်။ ဖူးလ်မား၏ ညာလက်သီးသည် မျက်လုံးတစ်ဖက်ပိတ်နေသော ရော်ဘင်ဆင့်မေးရိုးကို မိမိရရထိခဲ့ပေသည်။

သို့သော် ရော်ဘင်ဆင် ကြံ့ကြံ့ခံကာ လဲမကျခဲ့ချေ။ ထို့အတူ ရော်ဘင်ဆင် ဘယ်ဝိုက်လက်သီးများလည်း ဖူးလ်မားမေးရိုးကို ထိခဲ့သည်။ ၁၂ ချီအထိ နှစ်ဦးစလုံး အကြိတ်အနယ် ထိုးသတ်နိုင်ခဲ့ကာ နှစ်ဦးစလုံး မျက်နှာပြင်များ၌ သွေးများယိုစီးနေပြီး မျက်လုံးများလည်း ပိတ်နေခဲ့သည်။ လက်ဝှေ့ပွဲကြည့်ပရိသတ်ထံမှ ဩဘာသံများ ညံနေအောင် အားပေးခြင်းခံခဲ့ရသော ပွဲကြီးပင်ဖြစ်ပေသည်။

၁၂ ချီနောက်ပိုင်းတွင် ရော်ဘင်ဆင်သည် ငယ်ဂုဏ်ရှိသူ ဖူးလ်မားကို သက်လုံမပြိုင်နိုင်တော့၍ မောဟိုက်ကာ လက်ကျလာခဲ့သည်။ ၁၅ ချီအပြည့်ထိုးသတ်ခဲ့ပြီးနောက် ဂျိမ်းဖူးလ်မားသည် အမှတ်ဖြင့်အနိုင်ရကာ ချန်ပီယံသရဖူကို ရယူသွားခဲ့သည်။ ရေးရော်ဘင်ဆင်သည် ချန်ပီယံသရဖူကို တစ်ပတ်ပြန်ကျော့ စွန့်လွှတ်လိုက်ရပြန်ချေပြီ။

၁၉၅၇ ခုနှစ်၊ မေလ ၁ ရက် (မေဒေး) အလုပ်သမားနေ့တွင် ချီကာဂို၌ ရေးရော်ဘင်ဆင်သည် ချန်ပီယံ ဖူးလ်မားနှင့် စိတ်မကျေပွဲနွှဲရန် ပြင်ဆင်စီစဉ်ထားခဲ့သည်။ ဇရာထောက်လာသော်လည်း လေ့ကျင့်မှုကို ပို၍ပြုလုပ်ခဲ့သည်။

နယူးယောက်တွင် ပထမအကြိမ်ထိုးသတ်ခဲ့စဉ်ကပင် ပရိသတ်အကြိုက်တွေ့ခဲ့သော ပွဲကြီးဖြစ်ခဲ့၍ ချီကာဂိုပွဲကိုလည်း ပရိသတ်စံချိန်အဖြစ် လာရောက်ကြည့်ရှုခဲ့ကြသည်။ လက်ဝှေ့လောကမှ ရေးရော်ဘင်ဆင် စွမ်းရည်ရှိခဲ့သော်လည်း ငယ်ဂုဏ်ရှိပြီး လက်ဝှေ့စွမ်းရည်ပါထက်သူ ဖူးလ်မားကို နိုင်မည်မဟုတ်တော့ဟု ဝေဖန်သတ်မှတ်ကြသည်။

ပွဲစသည်နှင့် ဖူးလ်မား၏လက်သီးများ ပိုသွက်နေသည်။ ရော်ဘင်ဆင်ကား ပညာဖြင့်ထိုးသတ်နေသော်လည်း လျင်မြန်မှုဖြင့် ထိုးသတ်နိုင်ဆဲဖြစ်သည်။ ရော်ဘင်ဆင် ညာလက်သီးများ ဆင့်ကဲဆင့်ကဲ ဝင်လာလေသည်။ ရော်ဘင်ဆင်၏ ဘယ်ဝိုက်လက်သီးများကိုလည်း ဖူးလ်မားသည် ကြိုးစားရှောင်တိမ်းနေခဲ့ရသည်။ ပထမအချီ၌ လက်ရေတူသော်လည်း ဒုတိယအချီ၌ ဖူးလ်မား ပို၍ဖိထိုးနိုင်သဖြင့် အသာရခဲ့ပေသည်။

တတိယအချီတွင် ရော်ဘင်ဆင်၏လက်သီးများက ပိုထိလေသည်။ ဖူးလ်မားဝင်ပူးထိုး သတ်နေသည်။ ရော်ဘင်ဆင်နိုင်သောအချီဖြစ်သည်။ စတုတ္ထအချီ၌ ဖူးလ်မား

mgyoe.com

တရကြမ်း လိုက်ထိုးနေသဖြင့် အနိုင်ရနေသည်။

ပဥ္စမအချီ စသည်နှင့် ဖူးလ်မား ဘယ်ထောက်လက်သီးများ၊ ညာပင့်လက်သီးများကို ရော်ဘင်ဆင် ရှောင်တိမ်းရင်း ဘယ်ဝိုက်၊ ညာဖြတ်လက်သီးများဖြင့် တုံ့ပြန်ထိုးသတ်နေခဲ့သည်။ ဖူးလ်မားသည် အားသွန်ပြီး လက်သီးတစ်လုံးပစ်သွင်းလိုက်ရာ လွဲသွားသည်နှင့် ရော်ဘင်ဆင့်ဘယ်ဝိုက်လက်သီးက မေးရိုးကို မိမိရရထိသွားသဖြင့် ရော်ဘင်ဆင် အလဲထိုးအနိုင်ရကာ မစ်ဒယ်လ်ဝိတ်သရဖူကို တစ်ပတ်ကျော့ ရယူလိုက်လေတော့သည်။

ပရိသတ်ဩဘာသံများ ဆူညံနေခဲ့သည်။ လက်ဝှေ့ဆရာကြီးများကလည်း "ရှူးဂါးရေးလို လက်ဝှေ့သမားမျိုးတော့ ရှားတယ်ဟေ့။ တို့တစ်သက်မှာ သူ့လို လက်ဝှေ့သမားမျိုးကို တွေ့ရမယ်မထင်တော့ဘူး" ဟု မှတ်ချက်ချခဲ့ကြသည်။ ရော်ဘင်ဆင်သည် ကမ္ဘာ့ချန်ပီယံသရဖူကို ရလိုက်၊ စွန့်လွှတ်လိုက်၊ ပြန်လည်ရယူလိုက်၊ ထပ်မံစွန့်လိုက်ရ၊ တစ်ပတ်ပြန်ကျော့ရယူလိုက် စသည်ဖြင့် သူ့လက်တွင်းဝယ် ရောက်လာအောင် ဖန်တီးနိုင်စွမ်းရှိသူပင်ဖြစ်သည်။

ကမ္ဘာ့မစ်ဒယ်လ်ဝိတ် လက်ဝှေ့သရဖူကို ရော်ဘင်ဆင်သည် ဖူးလ်မားလက်မှ ပြန်လည်ရယူပြီးနောက် သုံးလအကြာ စက်တင်ဘာ ၂၃ ရက်နေ့တွင် သရဖူကာကွယ်ပွဲအဖြစ် ဝဲလ်တာဝိတ်တန်းချန်ပီယံ ကာမင်ဘာဆီလီယိုဆိုသူ လူဖြူလက်ဝှေ့ကျော်နှင့် ထိုးသတ်ရန် စီစဉ်လိုက်သည်။ ကာမင်သည် ၁၉၅၅ ခုနှစ်က ဝဲလ်တာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့ပြီး ရော်ဘင်ဆင်ထက် အသက်ခုနစ်နှစ် ငယ်ရွယ်သူဖြစ်သည်။ ယခု အတန်းတက်ကာ မစ်ဒယ်လ်ဝိတ်သရဖူကို စိန်ခေါ်ခြင်းဖြစ်သည်။

ကာမင်ဘာဆီလီယိုသည် လက်သီးနှစ်လုံးစလုံးကို မနားတမ်းပစ်သွင်းနိုင်ပြီး မုန်တိုင်းပမာ ခပ်ကြမ်းကြမ်း (တရစပ်) မနားတမ်း ထိုးသတ်နိုင်သူအဖြစ် သတ်မှတ်ခံရသူလည်းဖြစ်သည်။ လူကြမ်းကလေး ကာမင်နှင့် လက်ဝှေ့ဘုရင် ရော်ဘင်ဆင်တို့ပွဲကို ပရိသတ် အထူးပင်စိတ်ဝင်စားကြသည်။ ကာမင်အုပ်စုက ရော်ဘင်ဆင်တစ်ခေတ် ကုန်ဆုံးရပ်နားတော့မည်ဟု ကြေညာခဲ့သည်။ ရော်ဘင်ဆင်ကမူ ခပ်ပြုံးပြုံးဖြင့်သာ နားဆင်နေသည်။

ပွဲထိုးသတ်သည့်အခါ ကာမင်ကြမ်းသလောက် တရကြမ်းဝင်သလောက် ရော်ဘင်ဆင်ကလည်း မနားတမ်း၊ မမောတမ်း ထိုးသတ်နိုင်ခဲ့သည်။ နှစ်ဦးစလုံး မျက်လုံးများဖူးရောင်နေပြီး ချွေးများလည်း ပေကျံနေခဲ့သည်။ ၁၅ ချီအပြည့် အကြိတ်အနယ်ထိုးသတ်ကြပြီးနောက် ကာမင်ဘာဆီလီယိုက အမှတ်ဖြင့် ပွတ်ကာသီကာ အနိုင်ရသွားသည်။

mgyne.com

မစ်ဒယ်လ်ဝိတ်တန်း လက်ဝှေ့သရဖူကို ရော်ဘင်ဆင်လက်မှ ကာမင် ရယူသွားခဲ့လေပြီ။

အရှုံးကို ရင်ဝယ်ပိုက်လိုက်ရသူ ရေးရော်ဘင်ဆင်သည် အပြုံးမပျက်၊ သူ့အဖို့ သရဖူစွန့်လွှတ်ရသည်မှာ မဆန်းတော့။ ပြန်လည်၍လည်း ကြိမ်ဖန်များစွာ ရယူနိုင်ခဲ့သည် မဟုတ်ပါလော။ ပွဲအပြီး၌ သူ ရှစ်ချီအနိုင်ရသည်ထင်ကြောင်း၊ နှစ်ချီ သရေကျသည်ထင်သည်ဟု ရော်ဘင်ဆင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရေးရော်ဘင်ဆင်သည် နှစ်လခန့် အနားယူပြီးနောက် လက်ဝှေ့လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ခဲ့သည်။ ကာမင်နှင့် စိတ်မကျေ သရဖူလုပွဲထိုးမည်ဟု ရော်ဘင်ဆင် ကြေညာလိုက်ရာ လက်ဝှေ့ကမ္ဘာက အံ့ဩသွားကြသည်။ ရော်ဘင်ဆင်ပွဲရှည်ကြီးများ ထိုးသတ်နိုင်ပါဦးမည်လောဟုလည်း တွေးတောနေခဲ့ကြသည်။ ၁၉၅၈ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရှီကာဂို၌ မစ်ဒယ်လ်ဝိတ်သရဖူလုပွဲအဖြစ် ချန်ပီယံကာမင်ဘာဆီလီယို နှင့် ရေးရော်ဘင်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဟု ကြေညာလိုက်လေသည်။

ကမ္ဘာတစ်ဝန်းကလည်း ယခုပွဲကို စိတ်ဝင်စား အာရုံပြုနေကြသည်။ ထိုအချိန်က ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဖလွိုက်ပက်တာဆင်ကိုပင် ရော်ဘင်ဆင်လောက် စိတ်ဝင်စားခြင်းမရှိကြချေ။ ရော်ဘင်ဆင်သည် သုံးလဆက်တိုက် လေ့ကျင့်ပြင်ဆင်ပြီးနောက် ချန်ပီယံသရဖူကို သူ ပြန်လည်ရယူပြမည်ဟု ကြေညာခဲ့သည်။

လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အာချီမိုးကလည်း "ရှူးဂါးရေးဟာ တကယ်ပဲ သံမဏိစိတ်ဓာတ်ပြည့်ဝသူပါ။ သူ့ကို တော်ရုံတန်ရုံစွမ်းရည် ဖွဲ့သတ္တိလောက်နဲ့တော့ သွားမစမ်းကြနဲ့။ အထိနာသွားလိမ့်မယ်။ အဘိုးကြီးဖြစ်ပေမဲ့ လူငယ်တွေထက်တောင် မြန်သေးတယ်ဗျာ" ဟု ဝေဖန်ပြောကြားခဲ့သည်။

ချီကာဂိုသို့ ဥရောပမှ လက်ဝှေ့ပရိသတ်များပင် လာကြည့်ကြသည်။ ရုပ်မြင်သံကြားမှလည်း ပြသပေးရသည်။ ကာမင်သည် ပွဲစသည်နှင့် တရကြမ်းဖိထိုးနေသည်။ ပထမအကြိမ်ကဲ့သို့ပင် နှစ်ဦးစလုံး နောက်မဆုတ်တမ်း အကြိတ်အနယ် ထိုးသတ်ခဲ့သည်။ ရော်ဘင်ဆင်သည် ဇရာထောက်လာပြီဖြစ်သော်လည်း ၁၅ ချီအပြည့်ထိုးသတ်နိုင်ကြောင်း သက်သေထူသွားသည်။ ထိုပွဲတွင် ရော်ဘင်ဆင်က အမှတ်ဖြင့် အနိုင်ရသည်။

မစ်ဒယ်လ်ဝိတ်တန်း ကမ္ဘာ့သရဖူကို ရေးရော်ဘင်ဆင် ပြန်လည်ရယူလိုက်ပြန်သည်။ ကမ္ဘာတစ်ဝန်းမှလည်း ရော်ဘင်ဆင်ကဲ့သို့သော လက်ဝှေ့သမား ပေါ်ထွက်လာမည်မဟုတ်တော့ဟု ချီးကျူးရေးသားခဲ့ကြသည်။ ရေးရော်ဘင်ဆင်သည် အသက် ၄၀ အရွယ် ဇရာထောက်လာသည့်တိုင် လက်ဝှေ့ပွဲများ နွှဲနေခဲ့သည်။ အမှန်ဆိုရသော် စိတ်

mgyoe.com

သာရှိတော့သည်။ အသက်ကြောင့် ကိုယ်ခန္ဓာကား အကျဘက်သို့ရောက်နေကာ စိတ်သွားတိုင်း ကိုယ်မပါတော့ချေ။

၁၉၅၈ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရှီကာဂို၌ ကမ္ဘာ့မစ်ဒယ်လ်ဝိတ်တန်း လက်ဝှေ့သရဖူကို ပြန်လည်ရယူခဲ့သူ ရှူးဂါးရေးရော်ဘင်ဆင်သည် နှစ်နှစ်တာ သရဖူကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ ၁၉၆၀၊ ဇန်နဝါရီ ၂၂ ရက်နေ့တွင် ဘော်စတန်၌ ကမ္ဘာ့မစ်ဒယ်လ်ဝိတ် လက်ဝှေ့သရဖူလုပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ ချန်ပီယံ ရေးရော်ဘင်ဆင်သည် စိန်ခေါ်သူ လူဖြူ ပေါလ်ပင်ဒါနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

ပေါလ်ပင်ဒါသည် ရေးရော်ဘင်ဆင်ထက် အသက် ၁၀ နှစ်ငယ်သူလည်းဖြစ်ပြီး အလဲပွဲများဖြင့်အောင်ပွဲဆင်နေချိန် လက်အနာရသွား၍ အကြိမ်ကြိမ် အနားယူခဲ့ရသည်။ ရေးရော်ဘင်ဆင်နှင့် လူဖြူ ပင်ဒါပွဲသို့ ပရိသတ် ကြိတ်ကြိတ်တိုး လာရောက်ကြည့်ရှုခဲ့ကြသည်။ ရေးရော်ဘင်ဆင် အနိုင်ရဦးမည့် ပွဲတစ်ပွဲဖြစ်သည်ဟု လက်ဝှေ့လောကမှ ထင်မှတ်နေခဲ့ကြသည်။

သို့သော် ပွဲထိုးသတ်သည့်အခါ အကြိတ်အနယ်ထိုးသတ်ရပြီး ရေးရော်ဘင်ဆင်သည် ၁၅ ချီအပြည့် ထိုးသတ်ကာ အမှတ်ဖြင့် ရှုံးနိမ့်သွားရလေသည်။ ၁၀ ချီအထိ ရော်ဘင်ဆင့်လက်သီးများ ခပ်သွက်သွက်ဖြင့် လျင်မြန်စွာ ထိုးသတ်နိုင်ခဲ့သော်လည်း နောက်ပိုင်းအချီများ၌ ရော်ဘင်ဆင် မောဟိုက်ကာ လက်များကျလာ၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ရော်ဘင်ဆင်သည် ကမ္ဘာ့ချန်ပီယံသရဖူကို ထပ်မံစွန့်လွှတ်လိုက်ရပြန်တော့သည်။ ပေါလ်ပင်ဒါသည် မရှုယ်ဘဲနှင့် စော်ကဲဖြစ်ကာ ကမ္ဘာ့မစ်ဒယ်လ်ဝိတ်ချန်ပီယံ ဖြစ်လာခဲ့သည်။

ရေးရော်ဘင်ဆင်ဆိုသော လက်ဝှေ့သမားသည်ကား သူလိုကိုယ်လို သာမန်စိတ်ဓာတ် ဖွဲ့မျိုးရှိသူမဟုတ်ပါချေ။ ဖွဲအားမာန်သတ္တိပြည့်ဝကာ အလံမလှဲစတမ်း အနိုင်မခံ အရှုံးမပေးဆိုသော စိတ်ဓာတ်မျိုးရှိသူပင်ဖြစ်သည်။ ပင်ဒါကို သူ အနိုင်ထိုးနိုင်သည်ဟု ယုံကြည်ကာ ပြန်လည်လေ့ကျင့်ပြီး စိတ်မကျေပွဲနွှဲရန် ပြင်ဆင်နေခဲ့သည်။

သရဖူစွန့်လွှတ်ပြီး ငါးလအကြာ ၁၉၆၀၊ ဇွန် ၁၀ ရက်နေ့တွင် ရော်ဘင်ဆင်သည် ပင်ဒါနှင့် စိတ်မကျေပွဲ ထိုးသတ်ခဲ့သည်။ ပထမအကြိမ် ဆုံတွေ့စဉ်ကထက် ရော်ဘင်ဆင့်လက်သီးများ ပိုသွက်ကာ လျင်မြန်စွာ ထိုးသတ်နိုင်ခဲ့သည်။

ရော်ဘင်ဆင် ပြန်လာပြီဟေ့... ဟုပင် ပရိသတ်က အော်ဟစ်အားပေးကြည့်ရှုခဲ့ကြသည်။ ရော်ဘင်ဆင်၏ ညာလက်သီးများသည် ပင်ဒါ့မျက်နှာကို တရကြမ်းထိနေခဲ့သည်။ ပေါလ်ပင်ဒါလည်း အနာခံကာ ဇွတ်ဝင်တိုး ထိုးသတ်နေခဲ့သည်။ ၁၅ ချီပွဲပြီးသည့်

mgpoe.com

အခါ ပေါလ်ပင်ဒါ အမှတ်ဖြင့်အနိုင်ရကြောင်းကြေညာ၍ ရော်ဘင်ဆင်ပရိသတ်မှာ မကျေမနပ်ဖြစ်ခဲ့ရသည်။ ပရိသတ်များက ရော်ဘင်ဆင် အနိုင်ရသည်ဟုပင် ထင်မှတ်ခဲ့ကြသည်။

သရဖူကိုစွန့်လွှတ်ပြီးနောက် စိတ်မကျေပွဲထိုးသတ်တိုင်း အစဉ်အမြဲ ပြန်လည်အနိုင်ရကာ ချန်ပီယံသရဖူပြန်ရယူလေ့ရှိသူ ရေးရော်ဘင်ဆင်သည် ယခုအကြိမ်၌ သူ့အစဉ်အလာကို စွန့်လွှတ်လိုက်ရပြီဖြစ်သည်။ ရှုံးငါးရေးရော်ဘင်ဆင်၏ လက်ဝှေ့ချန်ပီယံ ဘဝ အဆုံးသတ်သွားခြင်းပင်ဖြစ်သည်။

ရေးရော်ဘင်ဆင်သည် အသက် ၄၀ ကျော်လာပြီဖြစ်၍ လက်ဝှေ့ထိုးသတ်ခြင်းမှ အနားယူတော့မည်ဟုလည်း လက်ဝှေ့ပရိသတ်က ယုံကြည်ထင်မှတ်နေကြသည်။ သို့သော် ရော်ဘင်ဆင်သည် လက်သီးအိတ်များကို စွန့်လွှတ်ဖြုတ်ပယ်ရန် မကြံရွယ်ဘဲ လေ့ကျင့်မြဲလေ့ကျင့်နေခဲ့သည်။ သူ့စိတ်ဓာတ်ကား ချန်ပီယံသရဖူကို ပြန်လည်ရယူဦးမည်ဆိုသည့် ခွဲအားမာန်မျိုးပင်ဖြစ်သည်။

ကမ္ဘာ့မစ်ဒယ်လ်ဝိတ် လက်ဝှေ့သရဖူနှင့်ပတ်သက်၍ ၁၉၅၉ ခုနှစ်တွင် ပြဿနာတစ်ရပ်ဖြစ်ခဲ့ရသည်။ အမေရိကန်လက်ဝှေ့အဖွဲ့ချုပ်သည် ၁၉၅၉ ခုနှစ်တွင် ချန်ပီယံ ရော်ဘင်ဆင်ကို သတ်မှတ်သည့်ပွဲ မထိုးသတ်ဆိုကာ ချန်ပီယံအဖြစ်မှ ဖယ်ရှားခဲ့သည်။ သို့သော် ကမ္ဘာတစ်ဝန်းကမူ ရော်ဘင်ဆင်ကိုသာ ချန်ပီယံအဖြစ် အသိအမှတ်ပြုထားကြသည်။ အမေရိကန်လက်ဝှေ့အဖွဲ့ချုပ်သည် လစ်လပ်သော သရဖူလုပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ ဖူးလ်မားကာမင်ဘာဆီလီယိုကိုအနိုင်ရပြီး စင်ပြိုင်ချန်ပီယံ ဖြစ်လာခဲ့သည်။

ပေါလ်ပင်ဒါ ချန်ပီယံဖြစ်နေချိန် ၁၉၆၀၊ ဒီဇင်ဘာ ၃ ရက်နေ့တွင် ရေးရော်ဘင်ဆင်သည် စင်ပြိုင်ချန်ပီယံ ဖူးလ်မားနှင့် လော့စ်အိန်ဂျလိစ်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ သူတို့နှစ်ဦးပွဲကား ပရိသတ်ကို ဆွဲဆောင်နိုင်မှုအရှိဆုံး ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ပထမအကြိမ်ဆုံတွေ့ခဲ့စဉ်က ရော်ဘင်ဆင် အမှတ်ဖြင့်ရှုံးပြီး သရဖူကို စွန့်လွှတ်ခဲ့ရသည်။ ဒုတိယအကြိမ်ဆုံတွေ့စဉ်အခါ ရော်ဘင်ဆင်သည် ဖူးလ်မားကို အလဲထိုးအနိုင်ယူပြီး သရဖူပြန်ရသွားသည်။

ယခု တတိယအကြိမ်ဆုံတွေ့ခြင်းဖြစ်ရာ ပရိသတ် အထူးပင် စိတ်ဝင်စားကြသည်။ နှစ်ဦးစလုံး တရကြမ်းထိုးသတ်တတ်သူများဖြစ်၍ ပွဲကြီးပွဲကောင်းဖြစ်မည်ဟု ပရိသတ်က မျှော်လင့်ထားသည်။ ပွဲထိုးသတ်သည့်အခါလည်း ပရိသတ်မျှော်မှန်းထားသကဲ့သို့ အကြိတ်အနယ် ထိုးသတ်ခဲ့ကြသည်။ ရော်ဘင်ဆင်သည် အသက်စကားပြောကာ အချိုပြည့်ထိုးသတ်နိုင်ပါမည်လောဟု လက်ဝှေ့ဆရာကြီးများက သံသယရှိနေခဲ့ကြသည်။

mgyoe.com

သို့သော် လက်ဝှေ့ပွဲထိုးသတ်သည့်အခါ ရော်ဘင်ဆင်သည် ငယ်မူပြန်နေရော့သလားဟု ထင်ရလောက်အောင် လက်သီးစွမ်းပြနေခဲ့သည်။ ပရိသတ်ကလည်း "ရှုးဂါးရေး ငယ်လက်ပေါ်တယ်ကွ" ဟု အော်ဟစ်အားပေးခဲ့ကြသည်။ ၁၅ ချီအပြည့် ထိုးသတ်ရပြီးနောက် သရေပွဲအဖြစ် သတ်မှတ်လိုက်ကြသည်။ လက်ဝှေ့ဝေဖန်သူများက ရော်ဘင်ဆင် နိုင်သည်ဟု ဆိုခဲ့ကြသည်။

ရေးရော်ဘင်ဆင်ကား စိတ်ဓာတ်မကျ၊ စိတ်မပျက်ဘဲ ခပ်ပြုံးပြုံးဖြင့် လက်ဝှေ့အိတ် စွပ်မြဲစွပ်ကာ လေ့ကျင့်မှုများ ပြုလုပ်မြဲ ပြုလုပ်နေလေသည်။ ဖူးလ်မားနှင့် သရေကျပြီးနောက် ရော်ဘင်ဆင် အနားယူတော့မည်လောဟု သတင်းထောက်များက မေးမြန်းခဲ့ကြရာ ရော်ဘင်ဆင်က ပြုံးတုံးတုံးလုပ်ကာ...

"လက်ဝှေ့ဟာ ကျုပ်အသက်ပါဗျာ။ လက်ဝှေ့ထိုးနေရမှ စားဝင်အိပ်ပျော်ပါတယ်။ ဟဲ... ဟဲ... နောက်ပြီး ဝင်ငွေလည်း ရနေတယ်မဟုတ်လားဗျာ" ဟု အဖြေပေးခဲ့သည်။

မှန်ပေသည်။ ရော်ဘင်ဆင်သည် လက်ဝှေ့ကို ချစ်မြတ်နိုးသည်။ သူ့တွင် ပရိသတ်ကလည်း ရှိနေသည်မဟုတ်ပါလော။ ရော်ဘင်ဆင်ပွဲဆိုလျှင် ရုံပြည့်၊ ကွင်းပြည့်နေသေးသမျှ ကြိုးဝိုင်းပေါ်ဝယ် ရော်ဘင်ဆင် ရှိနေပါဦးမည်။ သူ့ခေတ်နှင့်အပြိုင် ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံများဖြစ်ခဲ့သော ဂျိုးလူးဝီး၊ ဂျိုးဝါးလ်ကော့၊ ချားလ်စ်၊ မာဆီယာနိုတို့သည် အနားယူသွားကြပြီဖြစ်သည်။ သူ့ထက်ငယ်သော မာဆီယာနိုသည်ပင်လျှင် လက်ဝှေ့ပင်စင်စားအဖြစ် နေထိုင်လျက်ရှိနေပြီဖြစ်သည်။

ရော်ဘင်ဆင်ကား ငယ်ရွယ်သူများနှင့်အပြိုင် လက်သီးထိုးသတ်ဆဲ၊ ကြိုးဝိုင်းပေါ်ဝယ် လှုပ်ရှားနေဆဲဖြစ်သည်။ ၁၉၆၁၊ မတ်လ ၄ ရက်နေ့တွင် လတ်စ်ဗေးဂတ်စ်မြို့၌ ရော်ဘင်ဆင်သည် ဖူးလ်မားနှင့် စိတ်မကျေပွဲထိုးသတ်ရန် စီစဉ်လိုက်သည်။ ပရိသတ်ကား ပွဲကြီးပွဲကောင်းကြည့်ရန် လိုမ့်ဝင်ခဲ့သည်။ ရုပ်မြင်သံကြားမှလည်း ကမ္ဘာတစ်ဝန်းသို့ ပြသခဲ့ရသည်။

၁၅ ချီအပြည့်ထိုးသတ်ရကာ အကြိတ်အနယ် ထိုးသတ်ခဲ့ရသည်။ နှစ်ဦးစလုံးမျက်လုံးများပိတ်သွားလုနီးနီး ဖြစ်နေခဲ့သည်။ ယခုအကြိမ်တွင် ဖူးလ်မား အမှတ်ဖြင့်နိုင်သွားပြန်သည်။ ရော်ဘင်ဆင်သည် အရှုံးကို ရင်ဝယ်ပိုက်ကာ ချန်ပီယံသရဖူ ပြန်ရရေးအိပ်မက် ပျက်ပြားခြင်းနှင့် ဆုံတွေ့လိုက်ရလေတော့သည်။

အသက် ၄၀ နှစ်ကျော်နေပြီဖြစ်သော ရော်ဘင်ဆင်ကို ဖူးလ်မားနှင့် စဘုတ္တအကြိမ် ထိုးသတ်ရှုံးနိမ့်ခဲ့ပြီးနောက် လက်ဝှေ့မှအနားယူရန် သူ့မိတ်ဆွေများက အကြံပေး

 mgyoe.com 

ခဲ့ကြသည်။ သို့သော် ရော်ဘင်ဆင်သည် သူ့ထက် အသက်တစ်ဝက်ကျော်၊ ထို့ထက် ပိုငယ်သူများနှင့် ဆက်လက်ထိုးသတ်နေခဲ့သည်။ နောက်ထပ် ငါးနှစ်လက်ဝှေ့ပွဲများ ဆင်နွှဲနေသူ ရော်ဘင်ဆင်သည် ကမ္ဘာ့လက်ဝှေ့သမိုင်း၌ သက်တမ်းအရှည်ဆုံး၊ ဝါ နှစ်အကြာဆုံး စံချိန်ကို ယနေ့တိုင် တင်ထားနိုင်ခဲ့သည်။

၁၉၆၁ မှ ၁၉၆၅ အတွင်း ရော်ဘင်ဆင်သည် အလယ်အလတ်ရော ထိပ်သီးများနှင့်ပါ ပွဲပေါင်းများစွာ ထိုးသတ်ခဲ့သည်။ ပွဲစဉ်အများအပြားအနက် ၁၉၆၁–၆၂ မစ်ဒယ်လ်ဝိတ်ချန်ပီယံ တယ်ရီဒေါင်းစ်(အင်္ဂလန်)ကိုရှုံးပြီး ထိပ်သီးစိန်ခေါ်သူ ဒူးပတ်စ်ကို အနိုင်ရကာ နောင်ချန်ပီယံ (၁၉၆၃–၆၅) ဖြစ်မည့်သူ ဂျိုအီဂီယာဒယ်လိုကို ရှုံးနိမ့်ခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ကမ္ဘာ့မစ်ဒယ်လ်ဝိတ်ချန်ပီယံသရဖူကို နိုင်ဂျီးရီယားမှ ကပ္ပလီဒစ်တိုက်ဂါးရယူထားချိန်၌ နံပါတ်(၁)စိန်ခေါ်သူမှာ ဂျိုအီအာချာဖြစ်သည်။ ရေးရော်ဘင်ဆင်သည် သရဖူလုပွဲ တစ်ကြိမ်ဆင်နွှဲရန် ဆန္ဒရှိနေသေးရာ နံပါတ်(၁) စိန်ခေါ်သူ အာချာနှင့် တစ်ချီတစ်မောင်း လက်ရည်စမ်းရန် ပြင်ဆင်ခဲ့သည်။

၁၉၆၅၊ နိုဝင်ဘာ ၁၀ ရက်နေ့တွင် နယူးယောက် မက်ဒီဆန်ဥယျာဉ်၌ ရေးရော်ဘင်ဆင်နှင့် ဂျိုအီအာချာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပရိသတ်သောင်းနှင့်ချီပြီး ကြည့်ခဲ့ကြသည်။ ချန်ပီယံသရဖူလုပွဲ မဟုတ်သော်ငြားလည်း ကမ္ဘာ့တစ်ဝန်းသို့ ရုပ်မြင်သံကြားမှ ပြသခဲ့ရသည်။ ရော်ဘင်ဆင်သည် စနစ်တကျ ပြင်ဆင်လေ့ကျင့်ထားခဲ့သည်။

ရော်ဘင်ဆင်နှင့် အာချာပွဲမှာ အဘိုးနဲ့မြေးပွဲဟုပင် ပရိသတ်များက မှတ်ချက်ချခဲ့ကြသည်။ ပွဲထိုးသတ်သည့်အခါ အသက် ၄၆ နှစ်ရှိနေသူ ရော်ဘင်ဆင်သည် ပရိသတ်အံ့သြသွားအောင် ငယ်လက်သီးများ ကျန်သေးကြောင်း ပြသသွားခဲ့သည်။ ၁၀ ချီအပြည့် အကြိတ်အနယ်ထိုးသတ်သွား၍လည်း ပရိသတ်သြဘာသံ ညံနေခဲ့သည်။ ပရိသတ်ထုကား ရှုံးဂါးရေးရော်ဘင်ဆင်ကို နှစ်သက်အားပေးနေဆဲပင်ဖြစ်သည်။ လူငယ်ပရိသတ်ထုကလည်း...

"အဘိုးကြီးကွဟေ့၊ ဒီကောင် အာချာ အဘိုးကြီးကိုတောင် အပြတ်မထိုးနိုင်ပါလား။ အဘိုးကြီးတော့ ပညာတွေပြနေပြီဟေ့" ဟု အော်ဟစ်ပြောကြားခဲ့ကြသည်။

ပွဲပြီးသည့်အခါ ဂျိုအီအာချာအမှတ်ဖြင့် အနိုင်ရသွား၍ ရော်ဘင်ဆင် ရှုံးနိမ့်ခဲ့ရသည်။ လက်ဝှေ့ပွဲကြီးပွဲကောင်းများနွှဲခဲ့သူ၊ ရေးရော်ဘင်ဆင်သည် အသက် ၄၆ နှစ်အရွယ်ရောက်လာပြီဖြစ်၍ ယခုပွဲအပြီးတွင် လက်ဝှေ့ထိုးသတ်ခြင်းမှ လုံးဝအနားယူသွားလေတော့သည်။

mgyoe.com

mgyoe.com

ရှူးဂါးရေးရော်ဘင်ဆင်သည် ကမ္ဘာ့ချန်ပီယံသရဖူများကို ခြောက်ကြိမ်ရယူခဲ့ပြီး ၂၅ နှစ်ကြာ ကြေးစားလက်ဝှေ့ပွဲများ ထိုးသတ်ခဲ့ရာ စုစုပေါင်း ၂၀၂ ပွဲထိုးသတ်ခဲ့သည်။

ကမ္ဘာ့လက်ဝှေ့သမိုင်းတွင် ရော်ဘင်ဆင်ကဲ့သို့သော လက်ဝှေ့သမားမျိုး မပေါ်ထွက်သေးဟု ယနေ့တိုင် မှတ်တမ်းတင်ထားရသည်။ ကမ္ဘာ့လက်ဝှေ့ပရိသတ် ပါးစပ်ဖျားဝယ် 'ရှူးဂါးရေး' အမည်သည် မည်သည့်အခါမျှ ပျောက်ကွယ်မည်မဟုတ်ဟုလည်း ကမ္ဘာကျော် ဟဲဗီးဝိတ်ချန်ပီယံ မိုဟာမက်အလီက မှတ်ချက်ချ ထင်မြင်ချက်ပေးခဲ့သည်။

လက်ဝှေ့အကြောင်း စာမျက်နှာများတွင် ရေးရော်ဘင်ဆင်သည် ခပ်ပြုံးပြုံးဖြင့် အောင်မြင်မှုသရဖူကို ဆောင်းထားနိုင်ပေတော့မည်။

❑

mgyoe.com

mgyoe.com

# ဂျိုးလူးဝီး

ဘယ်ညာလက်သီးများသည် မိုးသီးမိုးပေါက်ပမာ ကျနေသည်။ နောက်သို့ ခြေတစ်လှမ်းကလေးမျှမဆုတ်။ ညာစိုက်လက်သီးနှင့် ညာပင့်လက်သီးများကို ဆင့်ကဲဆင့်ကဲ ပစ်သွင်းလိုက်ရာ တစ်ဖက် လက်ဝှေ့ကျော် ပက်လက်လန်ကာ လဲကျသွားပြီး ပွဲသိမ်းသွားတော့သည်။

အနိုင်ရသူ ကပ္ပလီကလေးမျက်နှာကား ခပ်တည်တည်ပင်။ သူ အလဲထိုးအနိုင်ရ၍ ဝမ်းသာရွှင်မြူးဟန်လည်းမပေါ်၊ ဣန္ဒြေနှင့် တည်တည်တံ့တံ့ရုပ်ကလေးရှိသူလည်း ဖြစ်သည်။ ထိုသူကား ဗုံးကြဲလေယာဉ်ပေါ်မှ ဗုံးများ တရကြမ်း သွန်ချနိုင်သကဲ့သို့ လက်သီးများ တရကြမ်းပစ်သွင်းနိုင်သူ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဂျိုးလူးဝီးပင် ဖြစ်သည်။

ဂျိုးလူးဝီးဆိုသောအမည်ကို ကမ္ဘာတစ်ဝန်းက မသိသူ၊ မကြားဖူးသူ မရှိသလောက်ပင် ရှားပါးလှပါသည်။ လက်ဝှေ့ပညာ စွမ်းရည်ပြထိုးသတ်ကာ လက်ဝှေ့ပွဲများ၌ အနိုင်ရပါလျှင် ထိုလက်ဝှေ့ကျော်ကို 'ဂျိုးလူးဝီး' ဟုပင် တင်စားခေါ်ဝေါ်လေ့ရှိသည်။ နိုင်ငံတိုင်းတွင် ယင်းကဲ့သို့ တင်စားခေါ်ဝေါ်မှုမျိုးရှိနေသည်။

ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့သရဖူကို .ဂျိုးဖရေဇီယာ ရယူထားချိန်က စိန်ခေါ်သူ ဂျော့ချ်ဖိုမန်ကို ဂျိုးလူးဝီးတစ်ဦး ပေါ်ထွက်လာပြီး ဖိုမန်ကို ဂျိုးလူးဝီးပုံစံမျိုးဖြင့် ထိုးသတ်နိုင်စွမ်းရှိသူ စသည်ဖြင့် တင်စားရေးသားခဲ့ကြသည်။

ကမ္ဘာ့လက်ဝှေ့သမိုင်းကို မှတ်တမ်းတင်လျက် ဂျိုးလူးဝီးအမည်သည် ထိပ်တန်း

mgyoe.com



ဂျိုးလူးဝိစ်း

mgyoe.com

mgyoe.com

နေရာမှ ရပ်တည်ပါဝင်နေပေလိမ့်မည်။ ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံများအနက် တည်တည်ငြိမ်ငြိမ်ဖြင့် အမှန်တကယ် လက်ဝှေ့စွမ်းရည်ထက်သူ စာရင်းဝင်လည်းဖြစ်သည်။ ဂျိုးလူးဝီးကား အေးဆေးစွာ နေထိုင်တတ်သူဖြစ်ပြီး ရိုးသားဖြောင့်မတ်သူလည်းဖြစ်သည်။ သို့သော် သူသည် လူမည်းကမ္ဘာအတွက် မည်သည့်နိုင်ငံရေးနှင့် ဦးဆောင်မှုကိုမျှ ပြုလုပ်ဖူးခြင်း မရှိခဲ့ပါချေ။ ဂျိုးလူးဝီးကား လူဖြူများပါ ကြိုက်နှစ်သက်သော ဟဲဗီးဝိတ်ချန်ပီယံတစ်ဦးပင်ဖြစ်သည်။

သူ့နာမည်အပြည့်အစုံမှာ ဂျိုးလူးဝီးဘာရိုးဖြစ်ပြီး ၁၉၁၄ ခုနှစ်၊ မေ ၁၃ ရက်နေ့တွင် အမေရိကန်နိုင်ငံ အာလာဘာမား၌ မွေးဖွားခဲ့သော်လည်း ငယ်ရွယ်စဉ်ကပင် မိဘများနှင့်အတူ ဒက်ထရွိုက်သို့ ပြောင်းရွှေ့ကာ ကြီးပြင်းလာသူပင်ဖြစ်သည်။ အပျော်တမ်းလက်ဝှေ့သမားဘဝကပင် ချန်ပီယံဆုများ အကြိမ်ကြိမ်ရယူခဲ့သူဖြစ်သည်။ ဂျိုးလူးဝီးဘဝကား ဆန်းကြယ်လှပေသည်။

ဂျိုးလူးဝီးကို သူ့မိခင်က တယောဆရာ ဖြစ်စေလိုသောဆန္ဒရှိရာ လူရွယ်လူငယ်ဘဝကပင် တယောထိုးနည်းများကို စနစ်တကျ သင်ယူစေခဲ့သည်။ လက်ဝှေ့သမားဘဝကိုကား အိပ်မက်ပင် မမြင်မက်ဖူးခဲ့ချေ။ တစ်နေ့တွင် တယောသင်တန်းသို့ သွားရောက်ရန် ပြင်ဆင်နေချိန်၊ သူ့သူငယ်ချင်းတစ်ဦးဖြစ်သူ ရွှေလက်အိတ်ချန်ပီယံက သူ့အား လက်ဝှေ့လေ့ကျင့်ရေးစခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။

သူငယ်ချင်း လက်ဝှေ့ကျော် လေ့ကျင့်ပုံများကို တစ်ညနေမျှ ကြည့်ရသူ ဂျိုးလူးဝီးသည် လက်ဝှေ့အထုံပါလာသဖြင့် တဒင်္ဂအတွင်း လက်ဝှေ့ကို စွဲလမ်းနှစ်သက်သွားတော့သည်။

အနုပညာသည် တယောဆရာအဖြစ် ဘဝခရီးကို မလျှောက်လိုတော့ဘဲ လက်ဝှေ့သမားအဖြစ်သို့ ကူးပြောင်းရန် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။ ဂျိုးလူးဝီးသည် ချက်ချင်းပင် တယောလေ့ကျင့်သင်ကြားမှုကို ရပ်ဆိုင်းလိုက်ပြီး လက်ဝှေ့လေ့ကျင့်ရုံသို့ ရောက်လာခဲ့သည်။

လက်ဝှေ့လေ့ကျင့်ခန်းစခန်း၌ ဂျိုးလူးဝီးထက် ဦးစွာရောက်နှင့်နေ၊ လေ့ကျင့်နေသူတစ်ဦးမှာ ရှုးဂါးရေးရော်ဘင်ဆင်ပင် ဖြစ်သည်။ ဂျိုးလူးဝီးသည် ရော်ဘင်ဆင်ထက် အသက်ကြီးသော်လည်း အတူတကွ လေ့ကျင့်ကာ ကြီးပြင်းခဲ့ကြသူများလည်းဖြစ်သည်။

အပျော်တမ်းလက်ဝှေ့သမားဘဝတွင် အောင်မြင်မှုများရပြီးနောက် ၁၉၃၄ ခုနှစ်၊ ဇူလိုင် ၄ ရက်နေ့တွင် ဂျိုးလူးဝီးသည် ကြေးစားလက်ဝှေ့လောကသို့ ဝင်လာခဲ့သည်။

mgyoe.com

ထိုနေ့တွင် ပထမဦးဆုံး ကြေးစားပွဲအဖြစ် ဂျိုးလူးဝီးသည် ဂျက်ကရက်ကင်ဆိုသူနှင့် စတင်ထိုးသတ်ခဲ့သည်။

ဂျိုးလူးဝီးသည် ပထမဦးဆုံး ကြေးစားပွဲအဖြစ် ချီကာဂို၌ ထိုးသတ်ခဲ့ခြင်း ဖြစ်သည်။ ကြေးစားပွဲဦးထွက်ပွဲတွင် လူးဝီးသည် ဂျက်ကရက်ကင်ကို ပထမအချီ၌ အလဲထိုး အနိုင်ရကာ ဗွေဆော်ဦး အောင်ပွဲဆင်ခဲ့သည်။

ဂျိုးလူးဝီးသည် ဆက်တိုက်ကြေးစားပွဲများ ထိုးသတ်ခဲ့ရာ ပွဲအားလုံး အနိုင်ရခဲ့သည်။ ဂျိုးလူးဝီးသည် ပွဲဦးထွက်နှစ်တွင် ၁၂ ပွဲထိုးသတ်ရာ ၁၀ ပွဲ အလဲထိုး အနိုင်ရ၍ သူ့အမည်သည် ၁၉၃၄ ခုနှစ်ကပင် စတင်ကျော်ကြား လူသိများလာတော့သည်။ ကြေးစားလက်ဝှေ့သမားအဖြစ် ၁၁ လကြာမြင့်ချိန် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း ပရီမိုကာ နေရာ (အီတလီ)နှင့်ထိုးသတ်ရန် စီစဉ်လိုက်သည်။

၁၉၃၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် နယူးယောက်၌ ဂျိုးလူးဝီးနှင့် ကာနေရာတို့ ထိုးသတ်ခဲ့ကြသည်။ ဂျိုးလူးဝီးအဖို့ တကယ့်ပွဲကြီးပွဲကောင်း စတင်ထိုးသတ်ဖူးခြင်းဖြစ်ရာ လက်ဝှေ့ထိုးမည့်နေ့က စိတ်လှုပ်ရှားနေခဲ့သည်ဟု လူးဝီးက ဝန်ခံပြောကြားခဲ့သည်။

ပရီမိုကာနေရာသည် လူးဝီး ကြေးစားလောကသို့ ဝင်မလာမီ ၁၉၃၃ ခုနှစ်ကပင် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်ခဲ့သည်။ လူးဝီး ကြေးစားလောကသို့ ဝင်လာသည့်နှစ် ဇွန်လတွင် ကာနေရာသည် ချန်ပီယံသရဖူကို စွန့်လွှတ်ရှုံးနိမ့်ခဲ့ရသည်။

ပွဲကြီးပွဲကောင်း အတွေ့အကြုံများရှိပြီး ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သူတစ်ဦးနှင့် လူးဝီးသည် ယခုကဲ့သို့ နဖူးတွေ့ ဒူးတွေ့ ဆုံတွေ့ယှဉ်ပြိုင်ရသည့်အခါ စိတ်တည်ငြိမ်မှုမရှိဘဲ လှုပ်ရှားနေခဲ့ရခြင်းဖြစ်သည်။ ပွဲစသည့်အခါ ဂျိုးလူးဝီးသည် သတိကြီးစွာထားပြီး ထိုးသတ်နေ၍ သူ့လက်သီးများ မိမိရရမထိသည့်ပြင် ကာနေရာ လက်သီးများကသာ သူ့ကို ထိနေခဲ့သည်။

ဒုတိယအချီပြီးသည်အထိ လူးဝီး၏လက်သီးများ မမှန်ဘဲ ဖြစ်နေခဲ့သည်။ တတိယအချီကစ၍ ချန်ပီယံဟောင်းနှင့် ငါ မကွာလှပါဘူး၊ အတူတူပါပဲ ဆိုသော အသိစိတ်ဝင်လာရာ လူးဝီးလက်သီးများ မိမိရရ ရှိလာတော့သည်။ ဆဋ္ဌမအချီ၌ လူးဝီးလက်သီးများကို ကာနေရာ မခံနိုင်တော့သဖြင့် ဂျိုးလူးဝီး ပွဲရပ်အနိုင်ရသွားခဲ့လေသည်။

ပွဲကြီးပွဲကောင်း ထိုးသတ်ရာ၌ ဂျိုးလူးဝီး အနိုင်ဖြင့် စလိုက်၍ စိတ်ဓာတ်တက်လာခဲ့သည်။ သာမန်ပွဲငယ်များထက် ပွဲကြီးများထိုးသတ်ရန်လည်း ပိုပြီးစိတ်ဝင်စားလာ

 mgyoe.com 

သည်။ ယခုပွဲမှရသော ဝင်ငွေမှာ ယခင်ပွဲများကထက် များသောကြောင့်လည်း ပို၍ စိတ်ဝင်စားခြင်းဖြစ်သည်။

ဂျိုးလူးဝိးနှင့် ကာနေရာ ပွဲမတိုင်မီ ၁၂ ရက်အလို (ဇွန် ၁၃ ရက်)က လောင်းအိုင်လန်းစီးတီး၌ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့သရဖူလုပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ ပရီမိုကာနေရာကို ၁၁ ချီတွင် အလဲထိုးအနိုင်ယူသွားသူ မက်စ်ဘဲယားနှင့် စိန်ခေါ်သူ ဂျင်မ်ဘရက်ဒေါ့က်တို့ ထိုးသတ်ခဲ့သည်။ ယင်းပွဲတွင် ဂျင်မ်ဘရက်ဒေါ့က်သည် ၁၅ ချီအပြည့်ထိုးသတ်ရပြီး အမှတ်ဖြင့်နိုင်သွားသည်။

ကာနေရာပွဲအပြီး ဩဂုတ် ၇ ရက်နေ့တွင် ကင်းလေဗင်စကီနှင့် လူးဝိးသည် ချီကာဂို၌ ထိုးသတ်ခဲ့ရာ တစ်ချီတည်းနှင့် အလဲထိုးအနိုင်ရသည်။ ချန်ပီယံဟောင်း ကာနေရာနှင့် လူးဝိး ထိုးသတ်သည့်အခါ ကမ္ဘာ့ဟဲဗီးဝိတ်သရဖူသည် ဘရက်ဒေါက်ထံ ရောက်နေပြီဖြစ်သည်။

ထိပ်သီးလက်ဝှေ့သမားများနှင့် ထိုးသတ်ရန်ကိုသာ စိတ်ဝင်စားနေသူ ဂျိုးလူးဝိးသည် ချန်ပီယံအဖြစ်မှ ပူပူနွေးနွေးပြုတ်သွားသူ မက်စ်ဘဲယားအား ရွေးချယ်လိုက်သည်။ လူးဝိးလက်ကို အကဲခတ်ရန် သူ့ဆရာကလည်း လိုလိုလားလား ခွင့်ပြုခဲ့သည်။ ယခုပွဲနိုင်လျှင် လူးဝိး သရဖူချိန်နိုင်ပြီဖြစ်သည်။

၁၉၃၅ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်နေ့တွင် ဂျိုးလူးဝိးနှင့် မက်စ်ဘဲယားတို့ နယူးယောက်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပရိသတ်ပြည့်လျှံအောင် လာရောက်ကြည့်ရှုခဲ့ကြသည်။ လူးဝိး ထိုးသတ်ခဲ့သမျှ ပွဲများအနက် ထိုအချိန်အထိ ဘဲယားနှင့်ပွဲသည် ပရိသတ်အများဆုံးဖြစ်သည်။ ဘဲယားနှင့်ပွဲထိုးသတ်ရန် ကြိုးဝိုင်းပေါ်သို့ တက်လာချိန်အထိ စိတ်လှုပ်ရှားမှု အနည်းငယ်ရှိနေသေးသည်ဟု လူးဝိးက ထုတ်ဖော်ပြောကြားခဲ့သည်။

ပွဲစသည်နှင့် ဘဲယားလက်သီးများ ပိုသွက်နေသည်။ လူးဝိးသည် တည်ငြိမ်မှုမရှိသေး၍ ပစ်သွင်းထိုးသတ်သမျှ လက်သီးများ လွဲနေရသည်။ တကယ်လူငယ် ဂျိုးလူးဝိးကို လက်သီးပြင်းသူ ဘဲယား အနိုင်ရသွားလိမ့်မည်ဟုပင် ပရိသတ်က ထင်မှတ်လာတော့သည်။ ဘဲယားသည် လက်သီးများကို မနားတမ်းပစ်သွင်းနေသည်။ လူးဝိးသည် တတိယအချီကစ၍ ပုံမှန်တည်ငြိမ်လာခဲ့သည်။

"ခင်ဗျားတို့ ကိုယ်ချင်းစာဖို့ ကောင်းကြပါတယ်ဗျာ။ ကျုပ်က သာမန်အညတရလက်ဝှေ့ချာတိတ်ကလေးပဲ။ သူက တကယ့်ချန်ပီယံကြီးဗျ။ ဘရက်ဒေါက်ကို အမှတ်နဲ့သာ ရှုံးခဲ့တာ။ ပွဲမတိုင်ခင် ဘဲယားနိုင်မယ့်ဘက်က ၁၀ လေး၊ လေးတောင် အသာရနေ

mgyoe.com

mgyoe.com

ခဲ့တာ။ ဒီလိုထိပ်သီးကြီးနဲ့ ထိုးရတဲ့ ကျုပ်ဟာ ဘယ်လိုခံစားပြီး စိတ်လှုပ်ရှားနေမလဲဆို တာ စဉ်းစားကြည့်ကြပါတော့ဗျာ" ဟု ပွဲအပြီး၌ လူးဝီးက ဝန်ခံပြောကြားခဲ့သည်။

စတုတ္ထအချီကစ၍ လူးဝီးလက်သီးများ မိုးသီးမိုးပေါက်ပမာ ကျလာခဲ့သည်။ လက်သီးများ တရကြမ်းပစ်သွင်းနိုင်သူဟု နာမည်ရထားသူ ဘဲယားသည် လူးဝီးလက်သီး များကို ရှောင်နေရ၍ သူ့လက်သီးများ မထွက်နိုင်ဘဲ ဖြစ်နေရသည်။ ပရိသတ်က ပွဲကြီး ပွဲကောင်းကြည့်နေရ၍ ဩဘာသံ ညံနေတော့သည်။ လူးဝီး ဘယ်ဝိုက်လက်သီးတစ်လုံး ဝင်သွားသည်နှင့် ဘဲယား အခြေပျက်သွားတော့သည်။

ဂျိုးလူးဝီးသည် ညာဖြတ်လက်သီးတစ်လုံးကို ဆင့်ကဲပစ်သွင်းလိုက်ကာ ဘယ်ပင့် လက်သီးလည်း တွဲပါလာသည်။ ချန်ပီယံဟောင်း မက်ဘဲယားသည် ကြိုးဝိုင်းကြမ်းပြင် ပေါ်သို့ လဲကျသွားတော့သည်။ လူငယ်ကလေး ဂျိုးလူးဝီးသည် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဟောင်း မက်စ်ဘဲယားကို စတုတ္ထအချီ၌ အလဲထိုး အနိုင်ရသွားတော့သည်။

ကမ္ဘာ့လက်ဝှေ့ စင်မြင့်ပေါ်သို့ ကပ္ပလီကလေး ဂျိုးလူးဝီး လှမ်းတက်လာတော့ သည်။ လူးဝီးအမည်ကား လျှမ်းလျှမ်းတောက် ကျော်ကြားလာသည်။ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့သရဖူကို အသားမည်းကပ္ပလီထဲမှ ရယူနိုင်သူအဖြစ် အသိအမှတ်ပြု လက်ခံလာ ကြသည်။ ဟဲဗီးဝိတ်ချန်ပီယံ ဘရက်ဒေါက်ကို အချိန်မရွေး စိန်ခေါ်နိုင်ပြီဟုလည်း ရေးသား ခဲ့ကြသည်။

ဘဲယားကို အနိုင်ရပြီး သုံးလအကြာ၌ ထိပ်သီး ဟဲဗီးဝိတ်လက်ဝှေ့သမားတစ်ဦး ဖြစ်သူ ပေါလီနိုအူဇူဒွန်နှင့် လူးဝီး ထိုးသတ်ခဲ့ရာ စတုတ္ထအချီတွင် လူးဝီးအလဲထိုးပြီး အနိုင်ရခဲ့ပြန်သည်။ လူးဝီးစိတ်ထဲတွင် သရဖူလုပွဲ နွှဲလိုလှပြီဖြစ်သည်။

၁၉၃၆ ခုနှစ်တွင် ပွဲဦးထွက်အဖြစ် ဇန်နဝါရီ ၁၇ ရက်နေ့ ချီကာဂို၌ ချာလီရတ် ဓိယက်နှင့် လူးဝီးတို့ ထိုးသတ်ခဲ့ရာ ပထမအချီမှာပင် ဂျိုးလူးဝီး အလဲထိုး အနိုင်ယူလိုက် ပြန်သည်။

ဂျိုးလူးဝီးနှင့် ချန်ပီယံ ဘရက်ဒေါက် ဆုံတွေ့ရန် စီစဉ်လိုသူများ ပေါ်ထွက်လာ သည်။ လူးဝီးအုပ်စုနှင့် လာရောက်ဆွေးနွေးကြသည်။ အထူးသဖြင့် နယူးယောက်အုပ်စု သည် လူးဝီး ချန်ပီယံဖြစ်နိုင်သည်ဟု တွက်ချက်ပြီး ပွဲသွင်းခွင့်ရရန် ဆွေးနွေးတောင်းခံ ခဲ့ကြသည်။ သို့သော် လူးဝီးအုပ်စုကမူ ဘရက်ဒေါက်နှင့် မထိုးသတ်မီ ကြားဖြတ်ပွဲကြီး တစ်ပွဲ ထိုးသတ်ကာ လူးဝီးအခြေအနေကို အကဲခတ်လိုကြသည်။

ယခုအချိန်အထိ လူးဝီးသည် ကြေးစားလက်ဝှေ့ပွဲပေါင်း ၂၇ ပွဲထိုးသတ်ခဲ့ရာ

mgyoe.com

ပွဲစဉ်အားလုံး အနိုင်ရထားပြီး ၂၃ ပွဲမှာ အလဲထိုး အနိုင်ရခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း လူးဝီးသည် အောင်မြင်မှုအပြည့်အဝရနေကာ ရေပန်းစား လူကြိုက်များနေခဲ့သည်။

နယူးယောက်မှ ပွဲသွင်းသူ မိုက်ဂျက်ကော့သည် လူးဝီးရှိရာသို့ လိုက်လာပြီး 'လူမည်း ဟဲဗီးဝိတ်ချန်ပီယံ မဖြစ်ရေး' ဆိုသော လူဖြူ လူကြီးလူကောင်းများ အကြံအစည် ရှိနေသည်ဟု ဖွင့်ဟပြောဆိုခဲ့သည်။

ပွဲသွင်းသူ မိုက်ဂျက်ကော့က "မင်းလုပ်ရမှာက ကိုယ့်အစွမ်းအစကို ထုတ်ပြဖို့ပဲ။ မင်းစွမ်းရည်ရှိရင် ချန်ပီယံဖြစ်ခဲ့မှာပဲ။ ဖြစ်အောင်လည်း လုပ်ပေးမယ်။ မင်း စိတ်ဝင်စားမယ်ဆိုရင် နယူးယောက်မှာ တို့ပွဲ လာထိုးပေါ့။ မင်းပွဲကို တို့သွင်းချင်တယ်" ဟု ဂျိုးလူးဝီးအား ပြောကြားခဲ့သည်။

ဂျိုးလူးဝီး ၂၇ ပွဲဆက်တိုက် နိုင်နေချိန် ၁၉၃၆ ခုနှစ်တွင် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ သရဖူကို ၁၉၃၀ ခုနှစ်က ရယူခဲ့သော မက်စ်ရှဲမလိန်းသည် ဂျာမနီအာဏာရှင် ဟစ်တလာ အကြံပြုတိုက်တွန်းချက်အရ လက်ဝှေ့လောကသို့ ပြန်ဝင်လာခဲ့သည်။

အာဏာရှင် ဟစ်တလာက ဂျာမနီနိုင်ငံ စွမ်းအင်ကိုပြသရန် ရှဲမလိန်းအား ဟဲဗီးဝိတ်သရဖူကို အမေရိကန်များလက်ကနေ ပြန်ယူခဲ့ပါဟု မှာကြားခဲ့သည်။

အမေရိကန်နှင့်ပြိုင်ရန် ရှဲမလိန်းသည် ဘာလင်မှ အမေရိကန်သို့ ပြန်လာကာ လက်ဝှေ့ပွဲများ ထိုးသတ်နေခဲ့သည်။

ရှဲမလိန်းသည် သရဖူလုပွဲအဖြစ် ချန်ပီယံ ဘရက်ဒေါက်နှင့် ထိုးသတ်ရန် ပြင်ဆင်နေသည်။ နယူးယောက်မှ လက်ဝှေ့ပြိုင်ပွဲသွင်းသူများသည် ရှဲမလိန်းနှင့် ဘရက်ဒေါက် ပွဲဖြစ်ရန် စီစဉ်သော်လည်း နိုင်ငံရေးအခြေအနေအရ မအောင်မြင်ဘဲ ရှိနေခဲ့သည်။ ချန်ပီယံ ဘရက်ဒေါက်၏မန်နေဂျာ ဂျိုရှူးဝါးမှာ ဂျူးလူမျိုးဖြစ်နေပြီး ယင်းအချိန်က ဂျာမနီတွင် ဟစ်တလာသည် ဂျူးများကို ဖိနှိပ်နေသဖြင့် ရှဲမလိန်းနှင့် ဘရက်ဒေါက်ပွဲမှာလည်း အခက်ကြုံနေရသည်။

ထို့ပြင် နယူးယောက်စီးပွားရေးလောကကို ဂျူးလူမျိုးများ ခြယ်လှယ်အုပ်စီးထားသဖြင့် ရှဲမလိန်းပွဲပြုလုပ်ပါက သပိတ်မှောက်မည်ဟု ပြောထားကြ၍လည်း ပွဲသွင်းသူများ အကျပ်တွေ့နေခဲ့ရသည်။ လက်ဝှေ့ပွဲသွင်းသူများသည် လူလည် လူပါးများဖြစ်ရကား တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်အောင် ကြံစည်ခဲ့ကြသည်။

ရှဲမလိန်းကို ပွဲသွင်းပါက ဝင်ငွေကောင်းရနိုင်သဖြင့် လက်မလွှတ်လိုကြချေ။ သို့ဖြစ်ရာ ရှဲမလိန်းကို ကပ္ပလီကလေး ဂျိုးလူးဝီးနှင့်ဆိုင်ပေးရန် စီစဉ်ကြတော့သည်။

mgyoe.com

အကယ်၍ လူးဝီးနိုင်ပါက ချန်ပီယံ ဘရက်ဒေါက်နှင့် ပွဲသွင်းရန်ပါ စီစဉ်ကြသည်။ လူးဝီးရှုံးလျှင်လည်း ဘရက်ဒေါက်နှင့် ဆိုင်ပေးရန်ပါ စဉ်းစားခဲ့ကြသည်။ သို့မှသာ ပွဲကြီးနှစ်ပွဲပြုလုပ်ရကာ ဝင်ငွေကောင်းများ ရနိုင်မည်မဟုတ်ပါလော။

သို့ဖြစ်၍လည်း တက်လူငယ် ကပ္ပလီကလေး ဂျိုးလူးဝီး အုပ်စုက သူတို့လက်ဖှေ့ကျော်ကလေး ပွဲကြီးအတွေ့အကြုံရစေရန် တွဲဖက်ရှာနေချိန်၌ ရှဲမလိန်းကို ပွဲသွင်းလိုသူတို့နှင့် ဆုံတွေ့ခဲ့ကြသည်။

၁၉၃၆၊ ဇွန် ၁၉ ရက်နေ့တွင် လူးဝီးနှင့် ရှဲမလိန်းတို့ နယူးယောက်၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ ဂျိုးလူးဝီး ဘဝတစ်သက်တာ၌ မှတ်တမ်းတင်ပွဲတစ်ပွဲ ဖြစ်ခဲ့ရသည်။ ဝင်ငွေလည်း ပရိသတ် ၄၀,၀၀၀ ကျော်လာကြည့်၍ ထိပ်တန်းစာရင်းဝင် စံချိန်ရခဲ့တော့သည်။

ပွဲစသည်နှင့် ရှဲမလိန်းလက်သီးများ တရကြမ်းဝင်လာသည်။ လူးဝီးကား အတွေ့အကြုံ နုသေးရသဖြင့် ပညာဖြင့် တုံ့ပြန်ထိုးသတ်ရန် စိတ်မကူးတော့ဘဲ လူချင်းဆိုင်၍ လက်သီးချင်းဆိုင်ကာ ထိုးနေခဲ့ကြသည်။

ဒုတိယအချီတွင် နှစ်ဦးသားရင်ဆိုင်ကာ လက်သီးများ မနားတမ်း ပစ်သွင်းပြီးသည်နှင့် ဂျိုးလူးဝီး ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့သည်။ သို့သော် ဒိုင်က နံပါတ်စဉ်ရေတွက်နေစဉ် လူးဝီး ပြန်ထလာနိုင်ခဲ့သည်။ တတိယအချီကစ၍ လူးဝီးလက်သီးများ မမှန်တော့ဘဲ အလွဲလွဲဖြစ်နေခဲ့သည်။ ရှဲမလိန်း လက်သီးများသာ လူးဝီးကို ထိနေသည်။

သို့သော် လူးဝီးသည် ကြံ့ကြံ့ခံကာ ဆက်လက်ထိုးသတ်နေခဲ့သည်။ ပွဲအချီ ကြာလာလေ လူးဝီး အလူးအလဲခံရလေပင်ဖြစ်သည်။ ၁၂ ချီ၌ ရှဲမလိန်း၏ ညာလက်သီးထိသွား၍ လူးဝီး လဲကျသွားရာ နံပါတ်စဉ်ရေတွက်ပြီးချိန်အထိ ပြန်မထနိုင်တော့ချေ။

"တကယ်ပါဗျာ၊ ဘယ်လိုဖြစ်မှန်းလည်း မသိလိုက်ပါဘူး။ ရှင်းရှင်းဝန်ခံရရင် ဒုတိယအချီနောက်ပိုင်း ဘယ်လိုနေမှန်း ကိုယ့်ကိုယ်ကိုယ် မသိတော့ပါဘူး။ သူ့လက်သီးတွေ ကျုပ်ကို ကောင်းကောင်းထိနေပါတယ်။ ဘာမှ သတိမရတော့ပါဘူးဗျာ" ဟု လူးဝီးက ဝန်ခံပြောကြားခဲ့သည်။

အရှုံးဆိုသည်မှာ ချိုနဲ့လားဟု ပြောရလောက်အောင် ၂၇ ပွဲ ဆက်တိုက်အောင်ပွဲဆင်ထားသူ ဂျိုးလူးဝီးသည် ပွဲဦးထွက်ရှုံးနိမ့်ဖူးသွားလေပြီ။ လူးဝီးဆရာ မန်နီဆီမွန်ခမျာသူ့တပည့်ကို စိတ်ဓာတ်မကျအောင် ချော့မော့ပြောကြားခဲ့ရသည်။ ရှဲမလိန်း၏ ညာလက်သီးများသည် လူးဝီးကို တရကြမ်းထိခဲ့၍လည်း လူးဝီးမျက်နှာ အထိနာခဲ့ရသည်။

mgboe.com

နည်းပြဆရာ ဆီမွန်သည် လူးဝီး အမှားများကို တစ်ပွဲချင်းပြောပြခဲ့သည်။ အဝင်အထွက် လက်သီးများပစ်သွင်းပုံ၊ ခေါင်းအေးအေးထားရန်လိုပုံကအစ ပြန်လည်သုံးသပ်ပြောပြသည်။ လူးဝီးသည် လေ့ကျင့်မှုများကို ပြင်းပြင်းထန်ထန် မပြုလုပ်စေဘဲ သာမန်လေကျင့်မှုများသာ ပြုလုပ်စေသည်။

၁၉၃၆ ခုနှစ်၊ ဇူလိုင်လကျမှ လူးဝီးသည် ပုံမှန်အတိုင်း ပြန်လည်လေ့ကျင့်ခဲ့သည်။ ရှဲမလိန်းသည် သရဖူ ပြန်လည်ရယူရေးအတွက် ကြိုးပမ်းနေရာ ဘရက်ဒေါက်အုပ်စုက လောလောဆယ်၌ ဂျာမန် ရှဲမလိန်းကို ရှောင်နေကြသည်။ နောက်ဆုံးတွင် ဂျိုးလူးဝီးကို သရဖူလုပွဲ ထိုးသတ်ခွင့်ပြုလိုက်သည်။ အမှန်သော် ဂျိုးလူးဝီးအဖို့ မမျှော်လင့်သောအခွင့်ထူးတစ်ရပ်ပင် ဖြစ်သည်။

အာဏာရှင် ဟစ်တလာနှင့် နာဇီအစိုးရတို့ ကောင်းမှုကြောင့် ဂျူးအုပ်စုသည် လက်ဝှေ့ကျော် ရှဲမလိန်းကို မကျေမနပ်ဖြစ်ကာ ပွဲထိုးခွင့်မပြုခဲ့ကြသောကြောင့် ဂျိုးလူးဝီးကြားမှ ကော်ခဲ့ခြင်းဖြစ်သည်။ လူးဝီးသည် ဘရက်ဒေါက်နှင့် သရဖူလုပွဲ မထိုးသတ်မီ ပွဲကြီးတစ်ပွဲနွှဲရန်လိုသည်ဟု သူ့နည်းပြဆရာက သတ်မှတ်ခဲ့သည်။ ရှဲမလိန်းကို အရှုံးကြီး ရှုံးထား၍ လက်ရေပြန်လည်အကဲခတ်ရဦးမည်ဟုဆိုသည်။

သို့ဖြစ်၍လည်း ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ (၁၉၃၂–၃၃) ဟောင်း ဂျက်ရှာကီနှင့် လက်ရည်စမ်း ထိုးသတ်ရန် လူးဝီးအုပ်စုက ရွေးချယ်ခဲ့သည်။ ဂျက်ရှာကီသည် ၁၉၃၀ က လစ်လပ်နေသော ဟဲဗီးဝိတ်သရဖူလုပွဲအဖြစ် ရှဲမလိန်းနှင့် ထိုးသတ်ခဲ့ရာ လေးချီ၌ မတော်ရာကို ထိုးမိသဖြင့် ဖောင်းပေးကာ ရှဲမလိန်းအား အနိုင်ပေးလိုက်၍ ဂျက်ရှာကီ ရှုံးနိမ့်ခဲ့ရသည်။

ဟဲဗီးဝိတ် လက်ဝှေ့သမိုင်း၌ ဖောင်းဖြစ်ကာ အနိုင်ရသည့်ပွဲမှာလည်း ယခုတစ်ပွဲသာ ရှိခဲ့ဖူးသည်။ ၁၉၃၂၊ ဇွန် ၂၁ ရက်နေ့တွင် ဂျက်ရှာကီနှင့် ရှဲမလိန်းတို့ စိတ်မကျေသရဖူလုပွဲ နွှဲခဲ့ပြန်ရာ ရှဲမလိန်းအနေဖြင့် သရဖူကာကွယ်ပွဲ ထိုးသတ်ခဲ့ခြင်းဖြစ်သည်။

၁၅ ချီအပြည့် ထိုးသတ်ရပြီး ပရိသတ်အများစုက ချန်ပီယံ ရှဲမလိန်း အနိုင်ရသည်ဟု ထင်မှတ်နေခဲ့ကြသည်။ အမှတ်ပေးဒိုင်နှစ်ဦးကလည်း ရှဲမလိန်းနှင့် ရှာကီတို့အား တစ်ဦးစီ အနိုင်ပေးထားကြ၍ သရေဖြစ်နေသည်။ အဆုံးအဖြတ်ပေးရမည့် ကြိုးဝိုင်းဒိုင်ဂန်းဘုတ်စမစ်သ်က ရှာကီကို အနိုင်ပေးခဲ့၍ ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာသည်။

၁၉၃၃ တွင် ပရီမိုကာနေယာသည် ဂျက်ရှာကီကို ခြောက်ချီ၌ အလဲထိုး အနိုင်ရခဲ့သည်။ သရဖူ စွန့်လွှတ်ခဲ့ရသူ ရှာကီသည် လက်ဝှေ့ပွဲများ ဆက်လက်ထိုးသတ်နေခဲ့သည်။

mgyoe.com

၁၉၃၆၊ ဩဂုတ် ၁၁ ရက်နေ့တွင် တက်လူငယ် လူးဝီးနှင့် ရှာကီတို့ နယူးယောက်၌ လက်ရည်စမ်းကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ လူးဝီးအဖို့ သရဖူလုပွဲနွဲ့ရန် နောက်ဆုံး ပြင်ဆင်ခြင်းဖြစ်သည်။

လူးဝီးသည် အေးဆေးတည်ငြိမ်စွာဖြင့် လက်မှန်၊ ပုံမှန် ထိုးသတ်နေသည်။ ဂျက် ရှာကီသည် အမှတ်ဖြင့် အနိုင်ရအောင် ထိုးသတ်ရာ၌ နာမည်ကြီးသူတစ်ဦးဖြစ်ရကား အလဲထိုး လက်သီးရှိသူ ဂျိုးလူးဝီးသည် အကွက်ကောင်းမရနိုင်ဘဲ ရှိနေသည်။ လူးဝီးက လိုက်ထိုး ဖိထိုးပြီး ရှာကီက ခွာကာ ရှောင်ကာ ထိုးသတ်နေသည်။

တတိယအချီတွင် လူးဝီး စောင့်နေသော အကွက်မိသွားတော့သည်။ ထောင့်တွင် ရှာကီကို ပိတ်မိထားရာ လူးဝီး၏ ဘယ်ဝိုက်လက်သီးတစ်လုံး ဝင်သွားသည်နှင့် ညာဖြတ် လက်သီးတစ်လုံး ဆင့်ကဲဝင်လာလေသည်။ ဆက်တိုက်ပင် ဘယ်ပင့်လက်သီး ဝင်လာ သဖြင့် ရှာကီမှာ လဲကျသွားခဲ့တော့သည်။ ဂျိုးလူးဝီးသည် ချန်ပီယံဟောင်း ဂျက်ရှာကီကို တတိယအချီ၌ အလဲထိုးအနိုင်ရသည်။ လူးဝီးအဖို့ သရဖူလုပွဲထိုးသတ်ရန် အခွင့်အရေး ပိုရလာပြီး သူ့လက်ရေမှန်ကိုလည်း အကဲခတ်နိုင်ကာ သိမြင်ခဲ့ရသည်။

လူးဝီးကို ရှုံးပြီးနောက် ဂျက်ရှာကီသည် လက်ဝှေ့လောကမှ လုံးဝအနားယူသွား သည်။ လူးဝီးသည် သရဖူလုပွဲအတွက် စက်တင်ဘာလကစ၍ ပြန်လည်လေ့ကျင့်ခဲ့သည်။ ယခင်ပွဲများကထက် ပို၍လေ့ကျင့်သည်။ သူ့ဆရာများက သေချာစွာ လေ့ကျင့်ပေးပြီး နောက် လူးဝီးသည် သရဖူလုပွဲ ထိုးသတ်ရန် အသင့်ဖြစ်ပြီဟု သတ်မှတ်ခဲ့သည်။

သို့သော် သရဖူပွဲကို မနွှဲမီ လက်ရေစမ်းပွဲများ ဆင့်ကဲဆင့်ကဲ ပြုလုပ်ခဲ့သေးသည်။ ဂျက်ရှာကီနှင့်ပွဲအပြီး စက်တင်ဘာ ၂၂ ရက်နေ့တွင် ဖီလာဒဲလ်ဖီးယားမြို့၌ အဲလ်အက်တိုး နှင့် လူးဝီးတို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပဉ္စမအချီတွင် အလဲထိုးပြီး ပူးဝီး အနိုင်ရသွား သည်။

အောက်တိုဘာ ၉ ရက်နေ့ နယူးယောက်တွင် ဂျော့ချ်ဘရီဆီယာနှင့် ဆက်တိုက် ထိုးသတ်ပြန်ရာ တတိယအချီ၌ လူးဝီး အလဲထိုးအနိုင်ယူလိုက်ပြန်သည်။ ကလီးမ်လန်းတွင် ဒီဇင်ဘာ ၁၄ ရက်နေ့က အယ်ဒီဆင်းမ်စ်နှင့် ထိုးသတ်ပြန်ရာ လူးဝီးကပဲ ပထမအချီမှာပင် အလဲထိုးပြီး အနိုင်ယူနိုင်ခဲ့သည်။

၁၉၃၇ ခုနှစ်တွင် လူးဝီးကို သရဖူလုပွဲ နွှဲခွင့်ရအောင် စီစဉ်နေချိန် ဇန်နဝါရီ ၁၁ ရက်နေ့၌ စတီးမ်ကက်ချဲ့လ်နှင့် ဘာဖဲလိုးတွင် ထိုးသတ်ခဲ့ရာ ဒုတိယအချီ အလဲပွဲဖြင့် လူးဝီး အောင်ပွဲဆင်နိုင်ခဲ့ပြန်သည်။ ဆက်တိုက်ပင် ဇန်နဝါရီ ၂၇ ရက်နေ့၌ နယူးယောက်

mgyee.com

တွင် ဘော့ပါစတာနှင့်ထိုးသတ်ခဲ့ရပြီး ၁၀ ချီအပြည့်ထိုးခဲ့ကာ အမှတ်ဖြင့် လူးဝီး အနိုင်ရသည်။

ယခုပွဲတွင် အမှတ်ဖြင့်အနိုင်ရ၍ လူးဝီးဆရာများက အတော်ကလေး စိုးရိမ်သွားကြသည်။ အမှန်သော် မည်သူမျှ ယနေ့ထိ မထိုးသတ်ဖူးသေးသော တစ်လအတွင်း နှစ်ပွဲ ဆက်တိုက် ထိုးသတ်ခဲ့၍သာ အမှတ်ဖြင့်နိုင်ခြင်းဖြစ်သည်။ သရဖူလုပွဲထိုးသတ်ရန် နီးကပ်နေချိန်၌ အမှတ်ဖြင့်သာနိုင်သဖြင့် သရဖူလုပွဲနွှဲရန် ဂျိုးလူးဝီးအုပ်စုသည် မဝံ့မရဲဖြစ်သွားသည်။

သို့ဖြစ်၍လည်း ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ကင့်ဆက်စီးတီး၌ နာတီဘာရောင်းနှင့် လက်ရည်စမ်းထိုးသတ်ခဲ့ရာ လေးချီတွင် အလဲထိုးပြီး ဂျိုးလူးဝီး အနိုင်ရခဲ့သည်။ လူးဝီးလက်ကို စိတ်ချသွားပြီဖြစ်၍ ၁၉၃၇ ခုနှစ်၊ ဇွန် ၂၂ ရက်နေ့တွင် ချီကာဂို၌ ချန်ပီယံ ဂျိမ်းစ်ဂျေဘရက်ဒေါက်နှင့် ကပ္ပလီကလေး ဂျိုးလူးဝီးတို့ သရဖူလုပွဲထိုးသတ်မည်ဟု ကြေညာခဲ့တော့သည်။

ယခုပွဲကြီးကို အမေရိကန်တစ်နိုင်ငံလုံးကရော၊ ဥရောပကပါ အထူးစိတ်ဝင်စားနေကြသည်။ ဂျာမနီနိုင်ငံမှ စာနယ်ဇင်းများကမူ ဘရက်ဒေါက်သည် ရှဲမလင်းနှင့် မထိုးရဲသူဟု ပြစ်တင်ရှုတ်ချရေးသားခဲ့ကြလေသည်။

ဂျာမနီနိုင်ငံက အမေရိကန်မှ ပွဲသွင်းသူများနှင့် ချန်ပီယံ ဘရက်ဒေါ့က်အုပ်စုကို မကျေမနပ်ဖြစ်နေကြသည်။ ဂျိုးလူးဝီးကို အလဲထိုးအနိုင်ယူလာသူ မက်စ်ရှဲမလင်းသည် အမေရိကန်မှ ဂျာမနီသို့ပြန်လာရာ အာဏာရှင် ဟစ်တလာသည် လေဆိပ်မှ ရှဲမလင်းကို ကိုယ်တိုင်ဆီးကြိုနှုတ်ဆက်ခဲ့သည်။ ရှဲမလင်း၏အောင်ပွဲမှာ ဂျာမနီက အမေရိကန်အပေါ် အောင်မြင်မှုအဖြစ် ဟစ်တလာက ခံယူနားလည်ထားသည်။

ယင်းသို့ နိုင်ငံရေးမကျေလည်မှုများ လက်ဝှေ့ပွဲသို့ ရောက်လာ၍ ဟဲဗီးဝိတ် လက်ဝှေ့ပွဲများကို ကမ္ဘာက ပိုမိုစိတ်ဝင်စားလာခဲ့ကြသည်။ ချီကာဂိုသရဖူလုပွဲသို့ ပရိသတ် ၄၀,၀၀၀ ကျော် ကြည့်ကာ ဝင်ငွေ ထိပ်တန်းစံချိန် စာရင်းဝင်ဖြစ်ခဲ့သည်။ ပွဲအစ၌ လူးဝီးသည် အနည်းငယ်စိတ်လှုပ်ရှားနေခဲ့သည်။

ဒုတိယအချီကစ၍ လူးဝီး တည်ငြိမ်မှုရလာသည်။ ပထမအချီ၌ မတည်ငြိမ်သူ လူးဝီးကို ဘရက်ဒေါ့က်လက်သီး ထိသွား၍ လူးဝီး လဲကျသွားခဲ့သေးသည်။

လူးဝီးသည် နောက်မဆုတ်ဘဲ ရှေ့သို့တိုးဝင်ကာ လိုက်ထိုးနေသည်။ ဘရက်ဒေါက်သည် ရှောင်တိမ်းရင်း ထောက်လက်သီးများဖြင့်သာ တုံ့ပြန်နေသည်။ လူးဝီးသည်

mgyoe.com

သူလိုချင်သော အကွက်ရအောင် စောင့်ထိုးနေခြင်းဖြစ်သည်။

ပထမအချီက ဘရက်ဒေါက်လက်သီး ထိထားသူ လူးဝီးသည် တတိယနှင့် စတုတ္ထအချီများ၌ သတိထားနေသည်။ အထူးသဖြင့် ရှေ့သို့လိုက်ထိုးနေစဉ် ပွင့်ကာကျသွားတတ်သည့် သူ့ဘယ်လက်ကို လူးဝီး သတိထားနေခဲ့သည်။

ပဉ္စမအချီ၌ လူးဝီးစောင့်နေသော အကွက်တစ်ကွက်ရသွားရာ ဘယ်ဝိုက်လက်သီးကို ဝုန်းခနဲ ပစ်သွင်းလိုက်တော့သည်။ ဘရက်ဒေါက် ပုံပျက်ပန်းပျက် ရှောင်ထွက်သွားရလေသည်။ ဆဋ္ဌမအချီနှင့် သတ္တမအချီတို့တွင်လည်း လူးဝီး၏လက်သီးများဒဏ်ကို ဘရက်ဒေါက် အလူးအလဲခံနေခဲ့ရလေသည်။

ပွဲကြည့်ပရိသတ်သည် ချန်ပီယံသရဖူကို မည်သူရမည်နည်းဆိုသည့်အဖြေအား ကောင်းစွာသိနားလည်နေပြီဖြစ်သည်။ ဆဋ္ဌမအချီ၌ ပိတ်ဆို့ထားသော ဘရက်ဒေါက်လက်သီးများကြားသို့ လူးဝီးက ဘယ်လက်သီးတစ်လုံး တအားပစ်သွင်းလိုက်ရာ ခုခံမှုမရှိတော့ဘဲ ပွင့်နေသည့် ဘရက်ဒေါက်မျက်နှာကို ညာဝိုက်လက်သီးတစ်လုံး ထပ်ဆင့်ပစ်သွင်းလိုက်ပြန်သည်။ ချန်ပီယံ ဘရက်ဒေါက်သည် ဒူးညွတ်ကာ ယိုင်လဲကျတော့မည်ပြုစဉ် လူးဝီး၏ ဘယ်လက်သီးတစ်လုံးက ထပ်ဆင့်ဝင်သွားပြန်သဖြင့် ဘရက်ဒေါက် လဲကျသွားလေတော့သည်။

စိန်ခေါ်သူ တက်လူငယ်ကလေး ဂျိုးလူးဝီးသည် ချန်ပီယံ ဘရက်ဒေါက်ကို ရှစ်ချီ၌ အလဲထိုးကာ ဟဲဗီးဝိတ်သရဖူကို ရယူသွားခဲ့လေသည်။ ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံသရဖူကို ဂျိုးလူးဝီး ရယူစဉ်က သူ့အသက်မှာ ၂၃ နှစ်သာရှိသေးရာ အသက်အငယ်ဆုံး ဟဲဗီးဝိတ်ချန်ပီယံပင်ဖြစ်သည်။ လူးဝီးအရင် ချန်ပီယံဖြစ်ခဲ့သူများ၏ အသက်စံချိန်မှာ ၂၄ နှစ်ဖြစ်ခဲ့သည်။

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဖြစ်လာပြီးနောက် ကြိုးဝိုင်းပေါ်မှ အဝတ်လဲခန်းသို့ ပြန်ရောက်သည့်အခါ သတင်းထောက်များသည် ချန်ပီယံသစ် ဂျိုးလူးဝီးကို စောင့်ကြိုနေကြသည်။ ချန်ပီယံသစ် ဂျိုးလူးဝီးက

"ဒီလိုနေ့မျိုးမှာ ကမ္ဘာ့သရဖူကို ရယူနိုင်လို့ အတိုင်းအဆမရှိ ဝမ်းသာရမှာပါ။ ဒါပေမဲ့ ကျုပ်တော့ ဝမ်းမသာနိုင်ပါဘူး။ တကယ်ရိုးရိုးသားသား ဝန်ခံပြောတာပါ။ တနုံ့နုံ့ ခံစားနေရပါတယ်။ အဲဒီခံစားရချက်အဖြေကတော့ ကျုပ်ဟာ ဟဲဗီးဝိတ်ချန်ပီယံ မဟုတ်သေးပါဘူး။ ရှဲမလင်းကို အနိုင်ရမှ ချန်ပီယံဖြစ်မှာပါ။ သူ့ကို အနိုင်ရအောင် စောင့်ကြပါဦး" ဟု သတင်းထောက်များအား ထုတ်ဖော်ပြောကြားခဲ့သည်။

mgyoe.com

ဂျိုးလူးဝီး စိတ်ထဲဝယ် သူ့ကိုယ်သူ မကျေမနပ်ဖြစ်ကာ ခံစားနေရသည်။ ဘရက်ဒေါက်နှင့် ယခုည ထိုးသတ်ရမည့်သူမှာ သူ (လူးဝီး) မဟုတ်ဘဲ ရှဲမလိန်းသာ ဖြစ်သည်ဟုလည်း သူ့စိတ်ထဲဝယ် ဖြစ်နေခဲ့သည်။ လူးဝီးက "ရှဲမလိန်းကို ရှုံးတဲ့နေ့က ဘယ်တော့မှ မေ့မရခဲ့ပါဘူး။ ချန်ပီယံဖြစ်တဲ့အချိန်ကဆိုရင် ပိုပြီး ဆွေးမြည့်နေခဲ့ရပါသေးတယ်" ဟု ဝန်ခံပြောကြားခဲ့သည်။

ချန်ပီယံ ဂျိုးလူးဝီးသည် သူ့စိတ်ထဲဝယ် ရှင်းလင်းသွားစေရန် သူ့ဘဝင်ကို ချမ်းမြေ့သက်သာရစေရန် ရှဲမလိန်းနှင့် ပွဲထိုးလိုသည်ဟု သူ့လူများအား ပြောကြားခဲ့သည်။ လူးဝီးသည် ရှဲမလိန်းကို သေချာပေါက်နိုင်မည်ဟု ယုံကြည်တွက်ဆထားကြသည်။

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့သရဖူကို ဂျိုးလူးဝီး ရယူသည့် ၁၉၃၇ ခုနှစ်တွင် ဥရောပ၌ စစ်ရိပ်စစ်ငွေ့များ သန်းနေချိန်ဖြစ်ပြီး ဂျာမနီနိုင်ငံသည် အမေရိကန်အပါအဝင် ဥရောပမှ အင်္ဂလန်၊ ပြင်သစ်၊ ဆိုဗီယက်တို့နှင့် နေရာတိုင်း အားပြိုင် အင်အားပြနေချိန်လည်း ဖြစ်သည်။

အမေရိကန်သမ္မတ ရုစဗဲ့သည် တစ်နေ့တွင် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံသစ် ဂျိုးလူးဝီးကို အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုစဉ်က လူးဝီးသည် ရှဲမလိန်းနှင့် စိတ်မကျေပွဲထိုးသတ်ရန် ပြင်ဆင်နေချိန်လည်း ဖြစ်သည်။ သမ္မတရုစဗဲ့သည် လူးဝီး၏ တောင့်တင်းကြံ့ခိုင်မှုများ ကြွက်သားများကို ကြည့်ရှုအားရသွားပြီး

"မင်းရဲ့ သန်မာတောင့်တင်း ကြံ့ခိုင်မှုတွေဟာ တို့နိုင်ငံက ဂျာမနီကို အနိုင်ရမယ့် လိုအပ်ချက်အင်အားတွေပဲဖြစ်တယ်။ မင်းရဲ့ ကြွက်သားတွေ၊ အင်အားတွေဟာ အမေရိကန်အတွက် ဖြစ်နေမှာပဲ" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျိုးလူးဝီး ချန်ပီယံဖြစ်လာချိန်၌ ရှဲမလိန်းသည် ယှဉ်ပြိုင်ထိုးသတ်နိုင်ရန် အသင့်မဖြစ်သေးဟု သူ့ကိုယ်သူတွက်ဆကာ ရှောင်နေခဲ့သည်။ ချန်ပီယံပူပူနွေးနွေး လူးဝီးသည် ဩဂုတ် ၃၀ ရက်နေ့တွင် ပထမဦးစွာ သရဖူကာကွယ်ပွဲအဖြစ် ထိပ်သီး လက်ဝှေ့သမားတော်မီဖားနှင့် နယူးယောက်တွင် ထိုးသတ်ခဲ့သည်။

တော်မီဖားသည် လူးဝီး စိတ်တိုင်းကျ သူနိုင်ကိုယ်နိုင် တရကြမ်း ထိုးသတ်တတ်သူမျိုးမဟုတ်ပါချေ။ အရှောင်အတိမ်းတို့ဖြင့် လျင်မြန်ရွေ့လျားကာ ထိုးသတ်တတ်သူ တော်မီဖားကို လူးဝီးသည် ၁၅ ချီအပြည့် ထိုးသတ်ကာ အမှတ်ဖြင့် အနိုင်ယူလိုက်သည်။

ပထမအကြိမ် သရဖူကာကွယ်ပြီးသည့်နောက် နှစ်လနီးပါး အနားယူနေခဲ့သူ

mgyoe.com

လူးဝီးသည် နိဝင်ဘာလကျမှ ပြန်လည်လေ့ကျင့်ခဲ့သည်။ ၁၉၃၈၊ ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် နယူးယောက်၌ ဒုတိယအကြိမ် သရဖူကာကွယ်ပွဲအဖြစ် နာသန်မန်းနှင့် ထိုးသတ်ရာ တတိယအချီတွင် အလဲထိုးအနိုင်ယူလိုက်နိုင်သည်။

ဧပြီ ၁ ရက်နေ့တွင် ချီကာဂို၌ ဟယ်ရီသောမတ်စ်နှင့် ချန်ပီယံ ဂျိုးလူးဝီး ဆုံတွေ့ခဲ့ရာ ငါးချီတွင် အလဲထိုးပြီး သရဖူကာကွယ်ထိန်းသိမ်းနိုင်ခဲ့သည်။ သရဖူကာကွယ်ပွဲများ ဆက်တိုက်ထိုးသတ်နေသူ ချန်ပီယံ ဂျိုးလူးဝီးသည် ရာဇဝင်ရှုံးကြွေးပြန်ဆပ်ရန်အတွက် ရှဲမလင်းနှင့် ပွဲဖြစ်ရေးကိုပါ ကြိုးပမ်းနေခဲ့သည်။

ထိုစဉ်က ဂျိုးလူးဝီး တောင်းခံသောဆုမှာ ရှဲမလင်းနှင့် ပွဲထိုးနိုင်ရေးပင်ဖြစ်သည်။ နောက်ဆုံးတွင် ကာယကံရှင် မက်စ်ရှဲမလင်းကိုယ်တိုင် လူးဝီးနှင့် ထိုးသတ်နိုင်ခြေရှိပြီဟု ယုံကြည်လာ၍ ၁၉၃၈ ခုနှစ်၊ ဇွန် ၂၂ ရက်နေ့တွင် နယူးယောက်၌ ထိုးသတ်မည်ဟု သဘောတူညီခဲ့လေသည်။ ယခုပွဲကို ကမ္ဘာတစ်ဝန်းလုံးက အလွန်ပင် စိတ်ဝင်စား အာရုံပြုနေခဲ့ကြသည်။ ထိပ်သီးနိုင်ငံကြီး နှစ်နိုင်ငံ အင်အားပြိုင်ပွဲနွှဲနေချိန်ဝယ် ယခုလက်ဝှေ့ပွဲကြီးမှာ အထူးပင် အရေးပါလှတော့သည်။

ဂျာမနီအာဏာရှင် ဟစ်တလာနှင့် ဂျာမနီနိုင်ငံကလည်း ရှဲမလင်း အမေရိကန်ကို အနိုင်ရရေးသည် သူတို့နိုင်ငံအဖို့ သေရေးရှင်ရေးတမျှ အရေးပါနေတော့သည်။ သို့ဖြစ်၍လည်း ရှဲမလင်းအတွက် ဂျာမနီနိုင်ငံက လိုလေသေးမရှိအောင် တာဝန်ယူခဲ့သည်။

နိုင်ငံရေးအားပြိုင်ပွဲတွင် ဂျာမနီနိုင်ငံ အနိုင်ရရေးအတွက် ဟဲဗီးဝိတ်လက်ဝှေ့ပွဲမှ အောင်ပွဲဖြင့် စိတ်ဓာတ်အားမြှင့်တင်ရန် ကြိုးပမ်းနေကြသည်။ ရှဲမလင်းသည် ဂျာမနီလေ့ကျင့်ရေးစခန်းမှ နယူးယောက်သို့လာသည့်အခါ ဂျာမန်အုပ်စု ရာနှင့်ချီ၍ လိုက်ပါလာခဲ့သည်။

ချန်ပီယံ ဂျိုးလူးဝီးသည် စိတ်မကျေပွဲတွက် သဲကြီးမဲကြီး လေ့ကျင့်ပြင်ဆင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပေါက်ကွဲတော့မည့် စစ်ရိပ်စစ်ငွေ့များလည်း သန်းနေပြီဖြစ်သည်။ ၁၉၃၈၊ ဇွန် ၂၂ ရက်နေ့တွင် နယူးယောက်၌ လူတိုင်းပါးစပ်ဖျားများဝယ် ဂျိုးလူးဝီးနှင့် ရှဲမလင်းပွဲသာ သီးနေခဲ့သည်။ နယူးယောက် ယန်ကီးကစားကွင်းတွင် ပရိသတ်ပြည့်လျှံသွားသည်။

လက်ဝှေ့ပွဲမစမီ တစ်နာရီကပင် ပရိသတ်များ ပြည့်နေပြီဖြစ်သည်။ ပရိသတ် ၇၀,၀၀၀ လာကြည့်ပြီး ဝင်ငွေဒေါ်လာ ၁,၀၁၅,၀၁၂ ရကာ ထိပ်တန်းစံချိန်စာရင်းဝင်ဖြစ်သွားသည်။ ထိုစဉ်က ဆဋ္ဌမမြောက် ဝင်ငွေအများဆုံးပွဲဖြစ်ခဲ့သည်။ ပွဲမစမီ ဂျာမန်